# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၇၄)၊ ၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်၊ ၄-၉-၂၀၂၄၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

## အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများ စစ်ဆေး

နေပြည်တော် စက်တင်ဘာ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးသည်။

စာမျက်နှာ ၃ သို့ ☆

### နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၃

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

### ယနေ့ ဖတ်စရာအညွှန်း


ဝီလီယံအား အိုလံပီယာကျော့စ်အသင်း ခေါ်ယူ **စာမျက်နှာ ၁၁**

တတ်နိုင် မိတ်နိုင် ဘေးရန်ပယ်ရှား ရွှေမြို့တော်တတ်တံခါး (ဆောင်းပါး) **စာမျက်နှာ ၁၇**



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် (၂၆) ရက်သာ လိုတော့သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၄ ရက် ၊ ဗုဒ္ဓဟူးနေ့ ။

မန္တလေး နေ့စဉ်

# ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိ

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အငယ်စားစီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ဖွင့်လှစ်သော သင်တန်းဖြစ်သည့်အတွက် သင်တန်းက သင်ကြားပို့ချပေးလိုက်သည့် သစ်အခြေခံပရိဘောဂနည်းပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာသင်ယူကာ ဒေသတွင်း ပေါများစွာထွက်ရှိသည့် သစ်များကိုအခြေခံ၍ စံချိန်မီတန်ဖိုးရှိ ပရိဘောဂပစ္စည်းများထုတ်လုပ်နိုင်ပြီး ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်သည်အထိ ကြိုးစားသင်ယူကြစေလိုကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက လယ်ဝေးမြို့နယ် ကြက်သွန်ခင်းကျေးရွာ၌ ကျင်းပသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းဖြင့် ဆောင်ရွက်မည့် သစ်အခြေခံပရိဘောဂသင်တန်းဖွင့်ပွဲတွင် ပြောကြားခဲ့သည်။

သင်တန်းသား ၁၆ဦးဖြင့် တစ်လကြာ ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်သည်အထိ စာတွေ့ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ပြီး အမှန်တကယ်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသား ငါးဦးကို သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပေးသွားမည် ဖြစ်သည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် ယွန်း၊ ရက်ကန်း၊ စက်မှုလက်မှု၊ စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ဆိုင်ရာနည်းပညာသင်တန်းများကို သင်ကြားပို့ချပေးခြင်း၊ လုပ်ငန်းထူထောင်နိုင်အောင် ဆောင်ရွက်ပေးပြီး ထွက်ရှိလာသော ကုန်ပစ္စည်းများကို ဓာတ်ခွဲစမ်းသပ်ပေးခြင်း၊ စနစ်တကျလုပ်ငန်းမှတ်ပုံတင်ပေးခြင်း၊ ဈေးကွက်ရရှိအောင် ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိသည်။

ယခင်ဘဏ္ဍာနှစ်တွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းကျေးရွာ(၁၅၁)ရွာ ဆောင်ရွက်ခဲ့ရာ လုပ်ငန်းရှင် (၇၅၅)ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး လုပ်ငန်းတိုးတက်မှုရှိအောင် စနစ်တကျကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ယခုဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း(၂၂၁)ရွာကို ရွေးချယ်၍ ဒေသအလိုက် ပေါများစွာထွက်ရှိသော ကုန်ကြမ်းများအပေါ်မူတည်ပြီး ဒေသခံများ၏ လိုအပ်ချက်အရ သင်တန်းအမျိုးအစားများကို ရွေးချယ်ဖွင့်လှစ်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ စီမံကိန်းအောင်မြင်အောင် ဆောင်ရွက်လာနိုင်ခြင်းဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ထွန်းကားလာစေပြီး ဒေသခံပြည်သူများ၏ မိသားစုဝင်ငွေများ တိုးပွားလာမည်ဖြစ်ရာ သွင်းကုန်အစားထိုး ထုတ်လုပ်လာနိုင်သည့်အတွက် နိုင်ငံခြားသုံးငွေသုံးစွဲမှုကို လျော့ချနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၁၈)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ



**မန္တလေး စက်တင်ဘာ ၃**

မန္တလေး၊ မဟာအောင်မြေ မြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် ရပ်ကွက် ဘုံဆွမ်းလောင်းအသင်းတို့၏ (၁၈)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ယနေ့နံနက် ၅ နာရီခွဲက ဖြစ်လမ်းနှင့် သိပ္ပံလမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသည့် သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်တို့အား ဆွမ်း၊ ကြက်သားဟင်း၊ ကုလားပဲနှပ်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုပ်၊ သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကိုလောင်းလှူကြပြီး သင်္ကန်းဒွိစုံ ငါးစုံနှင့် ငွေကျပ် ၈၀၀၀၀ တို့ကို စာရေးတံမဲဖောက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်းဦး၊ ဇနီး ဒေါ်ယုယုဇော်၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများနှင့် ရပ်ကွက်ဘုံဆွမ်းလောင်းအသင်းဝင်များက လောင်းလှူခဲ့ကြကြောင်း သိရသည်။

(ဓဝံ)

(ဝ၄၀)

## စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး Book Review Competition ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၃**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး Book Review Competition ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဌာနမှူးများ၊ စီမံအရာရှိများ၊ ဆရာ၊ ဆရာမများ၊ ဆုရကျောင်းသား၊ ကျောင်းသူများ၊ ကြီးကြပ်သူဆရာ၊ ဆရာမများနှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ဘာသာရပ်ဌာနများမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကာ ဒုတိယပါမောက္ခချုပ်(သင်တန်း၊ စီမံ)ဒေါက်တာအေးသက်သက်ဝင်းက အဖွင့်အမှာစကားကိုလည်းကောင်း၊ မြန်မာဘာသာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာခင်မာထူးက အမှတ်ပေးစည်းမျဉ်းအကြောင်းကိုလည်းကောင်း ပြောကြားခဲ့သည်။

၎င်းနောက် Book Review Competition အကဲဖြတ်စိစစ်ရေးအဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် သင်တန်းနှစ်အလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူ ၉ ဦးအား ဆုများကိုလည်းကောင်း၊ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် သင်တန်းအသီးသီးမှ ပထမဆုရရှိသူတို့အား သီးခြားဂုဏ်ပြုဆုငွေများကိုလည်းကောင်း တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြောင်း၊ Book Review Competition ဆုရရှိသူများကိုယ်စား ပထမဆုရရှိသူ တတိယနှစ်သင်တန်း၊ ပြင်သစ်ဘာသာအထူးပြုမှ ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြား၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၄)

## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေးရှင်းလင်းပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၃**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ လမ်း၆၀၊ ၁၂၂လမ်းနှင့် ၁၂၃လမ်းကြားရှိ အထကခွဲ ၅ ၌ ယနေ့ နံနက် ၉နာရီက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်း အသိပညာပေး ရှင်းလင်းပွဲ အခမ်းအနားကို ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ကြီးတံခွန်မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ မြို့နယ်လဝကမှူး ဦးသက်နိုင်ဝင်း၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၁၅၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ကြီးတံခွန်မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက သန်းခေါင်စာရင်းဆိုင်ရာ ရည်ရွယ်ချက်၊ ကောက်ယူမည့် နည်းလမ်း၊ ကောက်ယူမည့် အိမ်ထောင်စုမေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေးခွန်းများအား အကျယ်တဝင့် အသိပညာပေးရှင်းလင်းခဲ့ပြီး တက်ရောက်လာကြသော ရပ်ကွက်နေ ပြည်သူများ၏ သန်းခေါင်စာရင်းဆိုင်ရာ မေးမြန်းလာမှုများအား ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့နောက် မြို့နယ်လဝကရုံးမှ တာဝန်ရှိသူက အခမ်းအနားသို့ တက်ရောက်လာကြသော ရပ်ကွက်နေပြည်သူများအား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (ဝ၅၃)



**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့်အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

☆ ရှေ့ဖုံးမှ

ဦးစွာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် တိုင်းမှူးဗိုလ်ချုပ် ဇော်မင်းလတ်က အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များ ပူးပေါင်း၍ နယ်မြေလုံခြုံရေးနှင့် လမ်းတံတားများ လုံခြုံရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ KNPP၊ KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လွိုင်ကော်မြို့နှင့် အခြားမြို့များအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် PDF အမည်ခံ အကြမ်းဖက် သမားများထံမှ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိမှုနှင့် PDF အမည်ခံအကြမ်းဖက်သမားများ အလင်းဝင်ရောက်လာမှု၊ တရားမဝင်သစ်များ ဖမ်းဆီးရမိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသူတစ်ဦးအား ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားစဉ်။

**လမ်းညွှန်မှာကြား**

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ လုံခြုံရေးအတွက် နယ်မြေတည်ငြိမ်အေးချမ်းရေး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်နေရန်လိုကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လုံခြုံရေးနှင့်ပတ်သက်သည့် သတင်းများ စဉ်ဆက်မပြတ်ရရှိအောင် သတင်းရယူတည်ဆောက်ပြီး ဆောင်ရွက်သွားရန်လိုကြောင်း၊ အများပြည်သူ သွားလာလျက်ရှိသည့် လမ်းတံတားများ ထိခိုက်ပျက်စီးမှုများ မရှိအောင် ဆောင်ရွက်နေရန် လိုကြောင်း၊ အလားတူ နယ်မြေဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအနေဖြင့် ယခင်ကတည်းကပင် ငြိမ်းချမ်းရေးရယူခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှုများကို နိုင်ငံတော်၊ တပ်မတော်နှင့် လက်တွဲ၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ၎င်းတို့၏ ဒေသများအတွင်း၌လည်း အကြမ်းဖက်သမားများ ဝင်ရောက်လှုပ်ရှားမှုများကြောင့် နယ်မြေမငြိမ်မသက်မှုများ မဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိသည့် MNDAA **လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့၊ TNLA လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့နှင့် AA လက်နက်ကိုင် အဖွဲ့တို့အား စက်တင်ဘာ ၂ ရက်တွင်နိုင်ငံတော်မှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့နှင့်ဆက်နွှယ်နေသူများ အနေဖြင့်လည်း အကြမ်းဖက်မှုများကို အားပေးနေကြသူများပင်ဖြစ်ကြောင်း၊**

ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ပြည်သူ့လုံခြုံရေးကို ဆောင်ရွက်ရာတွင် ပြည်သူများအတွက် ကောင်းမွန်သောပြည်သူ့ရေးရာဝန်ဆောင်မှုဖြစ်စေရန်နှင့် ပြည်သူကို ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရာတွင် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် လုံခြုံရေးပိုင်းဆိုင်ရာများတွင် ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားနယ်မြေဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး ဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့ လိုက်ပါ၍ အောင်ပန်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားပြီး အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ဆေးရုံအတွင်း မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်း တည်ဆောက်ရန် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆေးရုံအတွင်း မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်းတည်ဆောက်ရန် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

- ☆ MNDAA **လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့၊** TNLA **လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့်** AA **လက်နက်ကိုင်အဖွဲ့တို့အား စက်တင်ဘာ ၂ ရက်တွင် နိုင်ငံတော်မှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပြီးဖြစ်**
- ☆ **၎င်းတို့နှင့်ဆက်နွှယ်နေသူများအနေဖြင့်လည်း အကြမ်းဖက်မှုများကို အားပေးနေကြသူများပင်ဖြစ်**

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**ရေနံချောင်း စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၇ နာရီက ရေနံချောင်း မြို့မဈေးကြီး၌ ဆောင်ရွက်ကြသည်။

ထို့သို့ လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက မြို့မဈေးရှိ ဈေးရောင်း၊ ဈေးဝယ်သူအနေဖြင့် စားသုံးကုန်များ ရောင်းချဝယ်ယူရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်စေမည့် ပလတ်စတစ်သုံးစွဲမှုကိုလျှော့ချပြီး ပလတ်စတစ်အစား စက္ကူ၊ ငှက်ပျောဖက်၊ အင်ဖက်များကို အစားထိုးသုံးစွဲကြရန် အသိပညာပေးပြောကြားကာ ဈေးရောင်း၊ ဈေးဝယ်သူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(၄၇၂)

## မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအတွေ့အကြုံရှင်းလင်းပွဲ အိမ်တိုင်ရာရောက်ပြုလုပ်

**မန္တလေး စက်တင်ဘာ ၃**

ကျန်းမာရေးကြောင့် ကိုယ်တိုင် တက်ရောက်ခြင်းမပြုနိုင်သော သက်ကြီးစာရေးဆရာ ဦးမြဝင်း(မြဝင်းဦး-မန်းတက္ကသိုလ်)နှင့် စာရေးဆရာ၊ အယ်ဒီတာချုပ် ဦးငွေအောင်(ငွေအောင်-မန်းတက္ကသိုလ်)တို့၏ မေတ္တာရပ်ခံချက်အရ ယနေ့ နံနက် ၁၀ နာရီက ဆရာမြဝင်းဦး(မန်းတက္ကသိုလ်)၏ ခြံဝင်းအတွင်း၌ အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်း ဘဏ္ဍာရေးမှူး ဆရာမောင်မောင်(မန်းတက္ကသိုလ်)က အိမ်တိုင်ရာရောက် သွားရောက်၍ ရန်ကုန်မြို့တွင် ကျင်းပပြီးစီးခဲ့သော မြန်မာနိုင်ငံ စာရေးဆရာအသင်း တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအတွေ့အကြုံများကို ရှင်းလင်းတင်ပြခြင်းများပြုလုပ်ရာ ရှင်းလင်းတင်ပြမှုအပေါ် ဆရာမြဝင်းဦးနှင့် ဆရာငွေအောင်တို့က သိရှိလိုသည်များကို မေးမြန်းကြရာ ဆရာမောင်မောင်က ပြန်လည်ရှင်းလင်းပြောကြားသည်။ (ဓမ္မ)



ရှင်းလင်းပွဲသို့ မြန်မာနိုင်ငံစာရေးဆရာအသင်း စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ခံ သက်ကြီးစာရေးဆရာနှစ်ဦးဖြစ်ကြသော ဆရာမောင်လှဘော်(မအူပင်)နှင့် ဆရာမောင်ကံလှ(ဖေယျာဦး)တို့လည်း တက်ရောက်အားပေးကြသည်။

အဆိုပါ အစည်းအဝေးအတွေ့အကြုံများကို စာရေးဆရာမောင်မောင်(မန်းတက္ကသိုလ်)က အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်းဝင် ၂၀ ဦးတို့အားလည်း ဩဂုတ်လ ၂၉ ရက်က အောင်မြေသာစံမြို့နယ် ပြန်/ဆက်ရုံး၌ ရှင်းလင်းတင်ပြပေးခဲ့ကြောင်း သိရသည်။ (၀၃၇)

○ စာမျက်နှာ ၂၄ မှ

မွေးမြူရေးအစာများ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများကို ပြန်လည်ဆွေးနွေးပြောကြားကြသည်။

**နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် လုံခြုံရေးပိုင်းဆိုင်ရာများကိုရှင်းလင်းပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်ရာ၌ လိုအပ်သည်များကို ဆွေးနွေးပြောကြားနိုင်ရန်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့်အခြေအနေများနှင့် လုံခြုံရေးပိုင်းဆိုင်ရာများကို ဦးစွာပြောကြားလိုကြောင်း ပြောကြားပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့မှုနှင့် အဆိုပါမဲမသမာမှုများကို တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့မှု၊ နိုင်ငံတော်တွင် ဖြစ်ပေါ်လာခဲ့သည့် အခြေအနေများအရ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီကို နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးကို ဖော်ဆောင်ပေးနိုင်မည့် စစ်ဘက်၊ အရပ်ဘက်မှ ပုဂ္ဂိုလ်များကို ရွေးချယ်၍ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့မှု၊ စတင်တာဝန်ထမ်းဆောင်ခဲ့စဉ် ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အကျပ်အတည်းများနှင့် နိုင်ငံရေးအမြတ်ထုတ်လိုသူများ၏သွေးထိုးလှုံ့ဆော်မှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ရပ်များကို ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့မှု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပတ်သက်၍ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်တွင် ထိန်းထိန်းသိမ်းသိမ်းဖြင့်သာ ဖြေရှင်းဆောင်ရွက်ခဲ့မှု၊ **အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံတော်တွင် နိုင်ငံရေးအရ အကျပ်အတည်းများဖြစ်ပေါ်နေမှုကို အခွင့်ကောင်းရယူ၍ နယ်မြေချဲ့ထွင်ရန် ကြိုးပမ်းဆောင်ရွက်မှုများကို ကြုံတွေ့လာခဲ့ရမှု၊** ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံပြည်သူများအနေဖြင့် နေရပ်ဒေသများနှင့် နေအိမ်စည်းစိမ်များကို စွန့်ခွာပြီး အခြားဘေးလွတ်ရာဒေသများတွင် ယာယီသွားရောက်ခိုလှုံနေကြရမှု၊ လက်ရှိအချိန်တွင် အဆိုပါ **လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ၎င်းတို့ အခမ့်ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက် အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုတို့ကို လူသားဒိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိမှု၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အခမ့်ဝင်ရောက် နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်မှု၊** နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုများ အမြန်ဆုံး ပြန်လည်ရရှိရေးအတွက် စည်းလုံးသောအင်အားဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**နိုင်ငံ့စီးပွားကောင်းမွန်ရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် စီးပွားရေးနှင့်ပတ်သက်၍ စီးပွားရေးသည် နိုင်ငံရေးနှင့် ဆက်စပ်လျက်ရှိပြီး စီးပွားရေးကောင်းမွန်မှသာလျှင် နိုင်ငံရေးလည်း ကောင်းမွန်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ခေတ်အဆက်ဆက်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများ အားနည်းခဲ့ပြီး ပြည်ပပို့ကုန်နှင့် ပြည်ပသွင်းကုန်များတွင် ပြည်ပသွင်းကုန်များ ပိုမိုများပြားခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ပြည်ပမှတင်သွင်းရမှုများ များပြားခဲ့သဖြင့် နိုင်ငံခြားငွေ လိုအပ်ချက်များဖြစ်ပေါ်ခဲ့ကြောင်း၊ ယခင်က ပြည်ပမှရရှိခဲ့သည့် ဝင်ငွေများကို ပြန်လည်စိစစ်ခဲ့ရာတွင် ချေးငွေများ၊ ထောက်ပံ့ငွေများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ပြည်ပမှ ဝင်ငွေများရရှိရန်အတွက် နိုင်ငံတွင်းရှိ သယံဇာတများ ထုတ်ယူရောင်းချခြင်းနှင့် ကုန်သွယ်မှုရရှိငွေများဖြင့် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ မိမိတို့အစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် သယံဇာတပစ္စည်းများ တတ်နိုင်သမျှ တင်ပို့ခြင်းမရှိခဲ့ဘဲ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းမှထွက်ရှိသည့် ထွက်ကုန်များကို အဓိက ပိုမိုတင်ပို့ခဲ့ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် စက်သုံးဆီနှင့် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေများကို များစွာ သုံးစွဲကုန်ကျရလျက်ရှိကြောင်း၊ စားသုံးဆီနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် ဆီထွက်သီးနှံစိုက်ပျိုးသည့် နိုင်ငံဖြစ်ပြီး မြေပဲနှင့်နှမ်းကို အဓိက စိုက်ပျိုးကြပြီး အခြားဆီထွက်သီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း၊ သို့သော်လည်း ဆီထွက်သီးနှံများကို ဆီအဖြစ်ထုတ်ယူသုံးစွဲခြင်းထက် ပို့ကုန်များအဖြစ် တင်ပို့ခြင်းနှင့် တိုက်ရိုက်စားကုန်များအဖြစ် စားသုံးခြင်းများကြောင့် ဒေသတွင်း စားသုံးဆီလိုအပ်ချက်များ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ပြည်တွင်း၌ ဆီထွက်သီးနှံများကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး စားသုံးဆီအဖြစ် ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီ လုံလောက်မှုရှိနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံသည့် ထုတ်ကုန်ပစ္စည်းများ၊ ပို့ကုန်ပစ္စည်းများ တိုးမြှင့်ရရှိရေး ဆောင်ရွက်ရာတွင် အခြားပြည်ပနိုင်ငံများမှ ဆောင်ရွက်နေသည့် ခေတ်မီနည်းစနစ်များနှင့် လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အတုယူဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည့် ပထဝီဝင်မြေအနေအထားကို ပိုင်ဆိုင်ထားရှိကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်မှသာလျှင် နိုင်ငံ့စီးပွားရေး ကောင်းမွန်လာမည်ဖြစ်ပြီး ကုန်ဈေးနှုန်းများ ပြန်လည်ကျဆင်းသွားမည် ဖြစ်ကြောင်း၊ အဓိကအားဖြင့် ကုန်ထုတ်လုပ်မှုများမြှင့်တင်ပေးရန်လိုပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ်ကုန်များကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် တောင်သူများအနေဖြင့် ဝင်ငွေများ ပိုမိုတိုးတက်လာမည် ဖြစ်ကြောင်း၊ အလားတူ ရှမ်းပြည်နယ်ဒေသအတွင်း သစ်ဝါးများ ပေါများစွာ ရှိကြောင်း၊ ထို့ကြောင့် သစ်တောထွက်ပစ္စည်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရှိပြီး သစ်နှင့် ဝါးကို အခြေခံသည့် ပျော့ဖတ်များ၊ တန်ဖိုးမြှင့်ပစ္စည်းများကို ထုတ်လုပ်နိုင်ကြောင်း၊ တစ်ဖက်တွင်လည်း သစ်တောပြုန်းတီးမှုများကို ထိန်းသိမ်းဆောင်ရွက်ရန် စာမျက်နှာ ၆ သို့ ○





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ကြီးမြို့ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးပေါ်ရှိ ရှုခင်းသာ View Point မှတစ်ဆင့် တောင်ကြီးမြို့၏ ရှုခင်းများကို ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေး၊ ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၃

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် စဝ်စံထွန်းဆေးရုံကြီး အဆောက်အအုံများ၊ စက်ပစ္စည်းများနှင့်ပတ်သက်သော မှတ်တမ်းစာအုပ်များအား ကြည့်ရှုစဉ်။

## ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးနှင့် ပါမောက္ခများ၊ အထူးကု ဆရာဝန်ကြီးများနှင့် သူနာပြုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အရေးပေါ်ကုသဆောင်တွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများကို ကြည့်ရှု၍ ကျန်းမာရေးအခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဆေးရုံကြီး အစည်းအဝေးခန်းမတွင် ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးက ဆေးရုံ၏ သမိုင်းအကျဉ်း၊ အဆောက်အအုံများ ဆောက်လုပ်ထားရှိမှုနှင့် လူနာဆောင်သစ်များ ဆောက်လုပ်ထားရှိမှု၊ ကင်ဆာရောဂါကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လအလိုက် ဆေးကုသမှုလုပ်ငန်းများဆောင်ရွက်နေမှု၊ အထူးကြပ်မတ်ကုသမှုများ ဆောင်ရွက်နိုင်မှု၊ ခွဲစိတ်မှုလုပ်ငန်းများဆောင်ရွက်နိုင်မှု၊ ခွဲစိတ်ရောင်ခြည်ကုသမှုများ ဆောင်ရွက်နိုင်မှုနှင့် ကင်ဆာကုသခြင်းလုပ်ငန်းအတွက် စက်ကိရိယာများထပ်မံလိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည့်စက်ကိရိယာများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စက်ပစ္စည်းများအသုံးပြု၍ ကုသမှုများဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ ဆေးရုံများ အနက် လိုအပ်ချက်ရှိသည့် ဆေးရုံများကို အဆင့်မြှင့်တင်မှုများနှင့် တိုးချဲ့မှုများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း နယ်မြေအတွင်း နေထိုင်သည့် ပြည်သူများ၏ လူဦးရေကို တွက်ချက်၍ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆေးရုံတိုးချဲ့တည်ဆောက်ရန်အတွက် လိုအပ်သည့် မြေနေရာများကိုလည်း စဉ်းစား ဆောင်ရွက်ရန်လိုကြောင်း၊ ဆေးရုံများတွင် ကျန်းမာရေးဝန်ထမ်းများ၏ နေအိမ်များ ထည့်သွင်း တည်ဆောက်ပေးထားရန်လိုကြောင်း၊ ဆေးရုံများအတွက် လိုအပ်သည့် ပါရဂူများကိုလည်း ခန့်အပ် တာဝန်ပေးရမည်ဖြစ်ကြောင်းပြောကြား၍ ဆေးရုံ၏ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြည်သူတိုင်း ကျန်းမာရန်လိုကြောင်း၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် ပတ်သက်၍ ငယ်ရွယ်စဉ်ကတည်းကပင်အခြေခံကောင်းများ ရှိရန်လိုကြောင်း၊ ထို့ကြောင့် အစားအသောက်မှအစ ဂရုတစိုက် ဆောင်ရွက်ရန်လိုကြောင်း၊ ကျန်းမာရေးနှင့် ပတ်သက်၍ စနစ်တကျဖြင့် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဆေးရုံများသည် ပြည်သူများအတွက် အားကိုးဖွယ်ရာဖြစ်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြောဆိုဆက်ဆံမှုမှအစ ကုသစောင့်ရှောက်မှုအပိုင်းများတွင်ပါ စနစ်တကျရှိစေလိုကြောင်း၊ ဆေးရုံသည် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် နေရာတစ်ခုဖြစ်သဖြင့် သန့်ရှင်းသပ်ရပ်နေရန်လိုကြောင်း၊ အညစ်အကြေးစွန့်သည့်စနစ်များကိုလည်း အနံ့အသက်များ ကင်းရှင်းစေရေး ဆောင်ရွက်ရန်လိုကြောင်း။

## အားကိုးသည့်စိတ်များ ဖြစ်ပေါ်အောင်ဆောင်ရွက်

ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ ကျန်းမာရေး ဝန်ထမ်းများအနေဖြင့် ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေသူများ ဖြစ်သဖြင့် ဝတ်စားဆင်ယင်မှုများ ကောင်းမွန်နေရန် လိုကြောင်း၊ ဆေးရုံသို့ လာရောက်ကုသသည့် ပြည်သူများအနေဖြင့် မိမိတို့ ဆေးရုံသို့ လာရောက်ချိန်တွင် အားကိုးသည့်စိတ်များ ဖြစ်ပေါ်အောင်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်ကုသမှု ပေးရာတွင်လည်း ကောင်းမွန်စွာဖြင့် ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ဆေးရုံတက်ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သည့် အစာအာဟာရများရရှိစေရေး စီမံဆောင်ရွက်ပေးရန် လိုကြောင်း၊ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ နေထိုင်မှုအဆင်ပြေရေး အတွက်လည်း တတ်နိုင်သလောက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် တာဝန်ထမ်းဆောင်ပြီး ပြည်သူများက အားကိုးရသည့် ကျန်းမာရေးဝန်ထမ်းများ ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် စဝ်စံထွန်းဆေးရုံကြီး အဆောက်အအုံများ၊ စက်ပစ္စည်းများနှင့် ပတ်သက်သော မှတ်တမ်းစာအုပ်များအား ကြည့်ရှုပြီး တာဝန်ရှိသူများအား မှတ်တမ်းများကို စနစ်တကျထိန်းသိမ်းရန် မှာကြားသည်။

အဆိုပါစဝ်စံထွန်းဆေးရုံကြီးကို ၁၉၅၇ ခုနှစ်တွင် ဝန်ထမ်းတပ်မဟာအမှတ်(၁) (Rehabilitation Brigade No.1)မှ တပ်ရင်းမှူး ဗိုလ်မှူးချုပ်မောင်လွင် (B.Sc Engineering)က ဦးဆောင်၍ ရုရှား-မြန်မာ ချစ်ကြည်ရေးအတွက် ရည်ရွယ်ကာ ဆိုဗီယက်ပြည်ထောင်စုနိုင်ငံ၏ စီးပွားရေးနှင့် ကျွမ်းကျင်သူပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆောက်အအုံ

စာမျက်နှာ ၆ သို့ ★

★ စာမျက်နှာ ၅ မှ

အားလုံးအတွက် ငွေကျပ်သိန်း ၄၀ ကုန်ကျခဲ့ပြီး ၁၉၆၁ ခုနှစ် ဇွန်လတွင် စဝ်စံထွန်းဆေးရုံကြီးအား စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ပထမဦးဆုံး ဆေးရုံအုပ်ကြီးအဖြစ် တာဝန် ထမ်းဆောင်ခဲ့သူမှာ ဒေါက်တာစဝ်နော်ခမ်း ဖြစ်ပြီး ရှမ်းပြည်နယ်တွင် တစ်ခုတည်းသောဆေးရုံကြီး ဖြစ်ခဲ့ကြောင်း၊ စတင်ဖွင့်လှစ်ခဲ့ချိန်တွင် ခုတင်-၂၀၀ ဆံ့ ဆေးရုံဖြစ်သော်လည်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ခုတင်-၅၀၀ ဆံ့ ဆေးရုံကြီးအဖြစ် တိုးမြှင့် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးက ရှင်းလင်းတင်ပြစဉ်။

○ စာမျက်နှာ ၄ မှ

လိုကြောင်း၊ အခြားတွင်းထွက်ပစ္စည်းများဖြစ်သည့် ကျောက်မီးသွေးထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ပိုင်ဆိုင်ထားကြောင်း။

**ပညာရေးနှင့် ကျန်းမာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးရေး**

ထိုကဲ့သို့ ပြည်တွင်းကုန်ထုတ်လုပ်မှုများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ဒေသအတွင်း ပညာတတ်လူသားအရင်းအမြစ်များ ပေါကြွယ်ဝရန်လည်း လိုသဖြင့် ပညာရေးကိုအားပေးဆောင်ရွက်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ အချို့ကျောင်းများ၊ တက္ကသိုလ်များနှင့် ကောလိပ်များသည် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ပိတ်ထားရကြောင်း၊ ကျောင်းနေအရွယ် ကလေးငယ်အားလုံး အနည်းဆုံး KG + 9 အဆင့်အထိ တက်ရောက် အောင်မြင်ရန်လိုကြောင်း၊ အခြေခံပညာအလယ်တန်းအဆင့်အထိ သင်ယူပြီးပါက ဘဝတိုးတက်ရေးအတွက် လိုအပ်သည့် အတတ်ပညာများကို ဆက်လက် သင်ယူနိုင်မည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသည့် ကျောင်းသားကျောင်းသူများ အားလုံးကိုလည်း အဆင့်မြင့်ပညာ ဆက်လက်သင်ယူနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာတတ်များဖြစ်မှသာ ၎င်းတို့၏အနာဂတ် တိုးတက်ကောင်းမွန်မည် ဖြစ်သကဲ့သို့ အတွေးအခေါ်များ ကောင်းမွန်လာပြီး စဉ်းစားဆင်ခြင်တုံတရားများလည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ယခင်က အတန်းပညာအားနည်းခဲ့သူများ ဗဟုသုတနှင့် အသိပညာများရရှိ နိုင်ရေးအတွက်လည်း နိုင်ငံတော်အနေဖြင့် စာကြည့်တိုက်များကို တိုးချဲ့ဖွင့်လှစ်၍ စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ပညာမြင့်မားရေးသည် နိုင်ငံတိုးတက်ရေးပင်ဖြစ်သဖြင့် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထို့ပြင် အနာဂတ်နိုင်ငံတော်ကို ဦးဆောင် တည်ဆောက်ကြမည့် အနာဂတ် လူသားအရင်းအမြစ်များအနေဖြင့် စည်းကမ်းစနစ်တကျရှိသည့် လူငယ်များဖြစ်ရန်လည်း လိုကြောင်း၊ **"အမျိုးသားစည်းကမ်း အစ စာသင်ကျောင်းက"** ဆိုသည့်အတိုင်း ကျောင်းသား ကျောင်းသူများအနေဖြင့် ဆရာ ဆရာမများ၏ သွန်သင်ဆုံးမမှုများကို ဦးစွာခံယူခဲ့ရသူများ ဖြစ်ကြောင်း၊ ငယ်စဉ်က အတန်းပြီးဆုံးအောင် တက်ရောက်ခဲ့ကြသူ များမှာ စည်းကမ်းစနစ်တကျဖြင့် နေထိုင်တတ်သူများဖြစ်သကဲ့သို့ ပညာကိုလည်း တတ်မြောက်အောင်မြင်နိုင်ကြသူများဖြစ်ကြောင်း၊ ဥပဒေ၏အခြေခံမှာ စည်းကမ်းပင်ဖြစ်ပြီး အခြေခံဥပဒေဆိုင်ရာ အသိအမြင်များရရှိစေရေး ပညာပေးမှုများနှင့် ထိန်းကျောင်းမှုများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် စည်းကမ်းစနစ်ကျနသည့် လူ့အဖွဲ့အစည်း၊ အသိုက်အဝန်းကို ပုံဖော်ပေးရန်လိုပြီး ဥပဒေကို လူတိုင်းသိရှိလိုက်နာရမည် ဖြစ်ကြောင်း၊ ထို့ကြောင့်ကျောင်းသားကျောင်းသူများအနေဖြင့် ဥပဒေပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ သိရှိနားလည်နိုင်ရေး တက္ကသိုလ်များတွင်ဥပဒေပညာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ KG+ 11 နှင့် KG+12 တို့ရှိ ကျောင်းသားကျောင်းသူများကိုလည်း ဥပဒေဆိုင်ရာအခြေခံများကို သိရှိနိုင်ရေး ဥပဒေပိုင်းဆိုင်ရာ အခြေခံအသိအမြင်များကို သင်ကြားပို့ချပေးသွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အနာဂတ်နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းမည်ဟု ယုံကြည်ကြောင်း။

ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍လည်း ဆေးရုံများ အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်ဟူသည့် မူဝါဒနှင့်အညီ ဆေးရုံများအားလုံးတွင် ဆရာဝန်များရှိစေရေး ဆောင်ရွက်ပေးထားကြောင်း၊ ဆေးရုံသုံးပစ္စည်းများ လုံလောက်စွာ ရရှိရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည် ဖြစ်သဖြင့် ကျန်းမာရေးနှင့် ပတ်သက်၍ ဂရုစိုက် ဆောင်ရွက်ကြရန်လိုကြောင်း၊ ကျန်းမာရေးနှင့် ဆက်စပ်၍ အားကစားကဏ္ဍ တိုးတက်မှုရှိစေရေးအတွက်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

**ပြည်သူ့လုံခြုံရေး**

လုံခြုံရေးနှင့်ပတ်သက်၍ ဒေသအတွက် ကောင်းရာကောင်းကျိုးဆောင်ရွက်မည့်သူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ ပြည်သူ့လုံခြုံရေးစနစ်ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဆင့်ဆင့်သတင်းပေးသည့်စနစ်ကို ဖော်ဆောင်ခြင်းအားဖြင့် ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်နိုင်မည် ဖြစ်ကြောင်း၊ ပြည်သူများတစ်ဦးချင်းနှင့် သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများ လုံခြုံရေးအသိတရားဖြင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဆိုပါက လုံခြုံရေးအတွက် များစွာအထောက်အကူပြုမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံကောင်းအောင်ဆောင်ရွက်ခြင်းပင် ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် မိမိတို့ကို ပေးအပ်ထားသည့် တာဝန်များ ထမ်းဆောင်ရာတွင် ချမှတ်ထားသည့် ကျင့်ဝတ်၊ စည်းကမ်းများကို လိုက်နာပြီး နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် တာဝန်ထမ်းဆောင်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ အနေဖြင့် မိမိတို့တာဝန်ကျရာ ဒေသများမှ တစ်ဆင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေး တတ်စွမ်းသရွေ့ ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

**ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို**

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ပြီး စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက်စေတီတော်မြတ်ကြီး ပေါ်ရှိ ရှုခင်းသာ View Point မှတစ်ဆင့် တောင်ကြီးမြို့၏ရှုခင်းများကိုကြည့်ရှုကာ တောင်ကြီးမြို့ရှိ သဘာဝအရင်းအမြစ်များ မပျောက်ပျက်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

○ စာမျက်နှာ ၂၄ မှ

က တစ်မှတ်အသာဖြင့် အဆင့် ၁ သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။ Myanmar National League II 2024 အမှတ်ပေးဘောလုံးပြိုင်ပွဲ (Week-6) ပွဲစဉ်များအပြီးတွင် ရာမညယူနိုက်တက်အသင်းသည် ရှုံးပွဲမရှိသေးသည့် တစ်သင်းတည်းသော အသင်းဖြစ်လာခဲ့သည်။ ယနေ့ပွဲတွင် ရာမညယူနိုက်တက်အသင်းကို ရှုံးခဲ့သည့် Silver Stars အသင်းသည် ခြောက်ပွဲကစားပြီးချိန်တွင် တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲ ရှုံးရမှတ် ငါးမှတ်ဖြင့် အဆင့် ၇ နေရာတွင် ရပ်တည်နေသည်။

(NGB)

၀-၀-၀-၀-၀

**စိမ်းလန်းစိုပြည်လှပဖို့**
**သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။**

## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း ခရိုင်အဆင့်နည်းပြသင်တန်း ဖွင့်လှစ်

**နမ့်စန် စက်တင်ဘာ ၃**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း ခရိုင်အဆင့်နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက အမှတ်(၂)ရပ်ကွက်၊ မြို့နယ်ခန်းမတွင်ကျင်းပခဲ့ရာ နမ့်စန်တပ်နယ်မှ ဗိုလ်ချုပ်စိုးအောင်နှင့် တာဝန်ရှိသူများ၊ ခရိုင်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ကျော်ဝင်းနှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် နမ့်စန်ခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ကျော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီးနောက် နမ့်စန်တပ်နယ်မှ ဗိုလ်ချုပ်စိုးအောင်နှင့် တာဝန်ရှိသူများက သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံနှုတ်ဆက်ခဲ့သည်။



အဆိုပါ ခရိုင်အဆင့်နည်းပြသင်တန်းကို စက်တင်ဘာ ၂ ရက်မှ ၁၃ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ပြီး နမ့်စန်၊ လွိုင်လင်၊ လင်းခေးနှင့် မိုင်းရှူး ခရိုင်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်မှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၉ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀-၀

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၆/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၆/၂၀၂၄)သို့ တက်ရောက်အမှာစကား ပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၃**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၆/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့ဥက္ကဋ္ဌများ ဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ ရေးဆွဲခြင်းကို အစည်းအဝေး အကြိမ်ကြိမ် ပြုလုပ်ခဲ့ပြီး ဗဟိုအဖွဲ့ဝင် ပြည်ထောင်စု ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ အကြံပြုချက်များ ပေးပို့ခဲ့မှုအပေါ် အပြန်ပြန်အလှန်လှန် စိစစ်သုံးသပ်၍ ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ မူကြမ်းကို ရေးဆွဲခဲ့ရာ ယခု နောက်ဆုံးသတ္တမမူကြမ်း ရရှိပြီး ဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁)မှ(၄)အထိ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဖွင့်လှစ်ပြီးခဲ့သည့် သင်တန်းများနှင့် ပတ်သက်၍ နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ အနေဖြင့် ရည်မှန်းချက် ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်အပြင် အုပ်ချုပ်မှု လျှော့နည်းဖြစ်စဉ် အနည်းဆုံးဖြင့် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး အဖွဲ့များအနေဖြင့် ကိုယ်လက် အင်္ဂါချို့ယွင်းသူများ၊ မျက်မြင် အနေအထားအရ ပြည်သူ့စစ်မှုထမ်းသင်တန်းတက်ရောက်ရန် မကိုက်ညီသူများ၊ ပြည်သူ့စစ်မှုထမ်း ဥပဒေအရ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်ရရှိမည့်သူများအား ဆင့်ခေါ်ခြင်းမပြုမိစေရန်လည်း အထူးဂရုပြုကြရန်လိုမည် ဖြစ်ပါကြောင်း၊ မျက်မြင်အားဖြင့် ပဏာမစိစစ်ရမည့် အချက်များကိုလည်း နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများသို့ ဖြန့်ဝေပေးထားပြီး ဖြစ်ပါကြောင်း။

ပြည်သူ့ စစ်မှုထမ်းများအား သင်တန်းတက်ရောက်ရန်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်စုရပ်များမှ တစ်ဆင့် သက်ဆိုင်ရာသင်တန်းကျောင်းအသီးသီးသို့ ပို့ဆောင်ရပါကြောင်း၊ အချို့သော တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ကုန်းလမ်း၊ ရေလမ်းဖြင့် ပို့ဆောင်ရန်ခက်ခဲသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား လေယာဉ်၊ ရဟတ်ယာဉ်၊ ရေယာဉ်များဖြင့် ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းသင်တန်း လေးပတ်စဉ် ဖွင့်လှစ်ခဲ့ပြီးချိန်တွင် စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းစဉ်များ၊ ဆေးစစ်ခြင်း လုပ်ငန်းစဉ်များ၊ သင်တန်းသားများလက်ခံခြင်း လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တွေ့ကြုံရသည့် အားသာချက်/အားနည်းချက်များ ရှိမည်ဖြစ်ပါကြောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၊ တက်ရောက်လာကြသည့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအလုပ်အဖွဲ့များ အနေဖြင့် ၎င်းလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများက ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့်ဆိုင်ရာကိစ္စများ၊ ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့် ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး အသိပညာပေးဆောင်ရွက်မှုအခြေအနေများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဥက္ကဋ္ဌများက စစ်မှုထမ်းဆင့်ခေါ်ရေး ဆောင်ရွက်နေမှု အခြေအနေများနှင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် တွေ့ကြုံရသည့် အားသာချက်/အားနည်းချက်များကိုလည်းကောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အလုပ်အဖွဲ့များက သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားရာတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များသည် ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန်၊ ဥပဒေအရ သတ်မှတ်ထားသည့် အသက်မပြည့်သူများမပါရှိစေရေး အထူးအလေးထားကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ကင်းလွတ်၊ လျှော့ပေါ့၊ ရွှေ့ဆိုင်းခွင့်များနှင့် ပတ်သက်၍ ဗဟိုအဖွဲ့သို့ အချိန်မီ တင်ပြနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရန်လိုကြောင်း၊ သို့မှသာ ဗဟိုအဖွဲ့အနေဖြင့် ဥပဒေအရ ခွင့်ပြုပေးနိုင်မည့် သူများအား သင်တန်းမစမီ ခွင့်ပြုပေးနိုင်မည် ဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆိုင်ရာအလုပ်အဖွဲ့များက ပြည်သူ့စစ်မှုထမ်းကိုယ်ရေးအချက်အလက် စီမံခန့်ခွဲမှုစနစ် (National Service Information Management System- NSIMS) နှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ၎င်းစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ရမည် ဖြစ်သည့်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်ပေးကြရန်လိုပါကြောင်း။

ပြည်သူ့စစ်မှုထမ်း သင်တန်း အပတ်စဉ်(၅/၂၀၂၄)ကို မကြာမီကာလအတွင်း ဖွင့်လှစ်သွားမည် ဖြစ်ပါကြောင်း၊ နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ အနေဖြင့် ယခင်ကြုံတွေ့ခဲ့ရသည့် အားနည်းချက်၊ အားသာချက်များအပေါ် သုံးသပ်ပြီး သတ်မှတ်ထားသော စံပြု လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံကူးလက်မှတ်စာအုပ်ဖိုး ၃၅၀၀၀ကျပ်မှ ၄၀၀၀၀ကျပ်သို့ ပြောင်းလဲ သတ်မှတ်




မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခြင်းနှင့်ပတ်သက်၍ စာအုပ်ဖိုးအား ယခင်သတ်မှတ်နှုန်းထား ၃၅၀၀၀ကျပ်မှ နှုန်းထားသစ် ၄၀၀၀၀ကျပ်သို့ စက်တင်ဘာ ၁ရက်မှစ၍ ပြောင်းလဲသတ်မှတ်လိုက်ကြောင်း မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးမှ သိရသည်။

စက်တင်ဘာ ၁ရက် အရှေ့ပိုင်း Online Appointment တင်သူများ ယခင် ၃၅၀၀၀ကျပ်နှုန်းထားဖြင့် ငွေပေးချေခဲ့သူများသည် သက်ဆိုင်ရာ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသို့ နိုင်ငံကူးလက်မှတ်လျှောက်သည့်အခါ၌ လိုအပ်သော စာအုပ်ဖိုးငွေ ၅၀၀၀ကျပ်အား လ·ဝ·က ကောင်တာဖြတ်ပြီး ပုံစံလက်ခံကောင်တာများတွင် ထပ်ဆောင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၄ခုနှစ် စက်တင်ဘာ ၁ရက်မှစတင်ပြီး နိုင်ငံကူးလက်မှတ် အသစ်လျှောက်ထားခြင်းအတွက် ၄၀၀၀၀ကျပ်၊ သက်တမ်းတိုးခြင်းအတွက် ၄၀၀၀၀ကျပ်၊ ပျောက်ဆုံး/ပျက်စီးခြင်းအတွက် ၉၆၀၀၀ကျပ် ပေးသွင်းရမည်ဖြစ်သည်။

**(မန္တလေးနေ့စဉ်-၅)**

# ပဲနောက်၊ ပဲလွန်း ဧက ၈၀၀၀ ကျော် လျာထား စိုက်ပျိုးသွားမည်

**ရေနံချောင်း စက်တင်ဘာ ၃**

၂၀၂၄-၂၀၂၅ခုနှစ် မိုးရာသီတွင် ပဲနောက်၊ ပဲလွန်း ဧက ၈၀၀၀ ကျော်ကို လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အညာဒေသတွင် ပဲလွန်း၊ ပဲနောက်တို့ကို မိုးရာသီတွင် သီးညှပ်၊ သီးထပ်အဖြစ် ယာမြေများတွင် အဓိကစိုက်ပျိုးကြသည့်အပြင် သီးခြားစိုက်ပျိုးကြသည်။ ပဲနောက်၊ ပဲလွန်းများသည် ပြည်တွင်း၌ ဝယ်ယူသည့်အပြင် ပြည်ပသို့လည်း တင်ပို့ရသဖြင့် နှစ်စဉ် အရောင်းအဝယ်သွက်သည့်အပြင် စိုက်ပျိုးသူများအတွက် ဈေးကွက်ပုံမှန်ရှိ၍ အရောင်းအဝယ်လိုက်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံပဲနောက် ဧက ၇၁၁၃၊ ပဲလွန်းဧက ၁၁၄၇၊ လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

**(၄၇၂)**



# ဓားစာခံ ခြောက်ဦး သေဆုံးခဲ့ရခြင်းနှင့်ပတ်သက်၍ နက်တန်ယာဟု အစ္စရေးလူထုကို တောင်းပန်

**ဂျေရုဆလင် စက်တင်ဘာ ၃**

ဂါဇာကမ်းမြောင်၌ အစ္စရေး ဓားစာခံ ခြောက်ဦး သေဆုံးခဲ့ရခြင်းနှင့်ပတ်သက်၍ ဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟု စက်တင်ဘာ ၂ ရက်က အစ္စရေးလူထုကို တောင်းပန်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

သေဆုံးခဲ့ရသူ ခြောက်ဦး၏ ရုပ်အလောင်းများကို မိသားစု အသီးသီးထံသို့ ပို့ပေးနိုင်ခဲ့သဖြင့် အထူးစိတ်မကောင်းဖြစ်ရသည်ဟု လည်း ၎င်းက ပြောကြားသည်။

ဟားမတ်စ်အုပ်စုက ထိန်းသိမ်းထားသော အစ္စရေးဓားစာခံ ၉၇ ဦးအထိ ရှိနေဆဲဖြစ်ကြောင်း သိရသည်။

**Mon**

# အဲဘတ်စ်ဂျက်အင်ဂျင်များ၌ ချို့ယွင်းချက်တွေ့ရမှု ကာသေးပစိဖိတ်လေကြောင်း၏ ခရီးစဉ်များရပ်ဆိုင်း

**လန်ဒန် စက်တင်ဘာ ၃**

အဲဘတ်စ်ဂျက်လေယာဉ် အင်ဂျင်များ၌ မကြာသေးမီက ချို့ယွင်းချက်တွေ့ရမှု ကာသေး ပစိဖိတ်လေကြောင်း၏ ခရီးစဉ် များ ရပ်ဆိုင်းထားရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံ ဟောင်ကောင် ကျွန်းမှ ဂျာမနီနိုင်ငံ ဇူးရစ်မြို့သို့ အဲဘတ်စ်ကုမ္ပဏီထုတ် အေ-၃၅၀ အမျိုးအစား ကာသေးပစိ ဖိတ်လေကြောင်းလိုင်းပိုင် ခရီး သည်တင်လေယာဉ် စက်တင်ဘာ ၂ ရက်က အင်ဂျင်ပိုင်းဆိုင်ရာ ချို့ယွင်းမှုကြောင့် နောက်ကြောင်း ပြန်လှည့်ခဲ့ပြီးနောက်ပိုင်း ခရီးစဉ် များကို စတင်ရပ်တန့်လိုက်ရခြင်း ဖြစ်သည်။

ချို့ယွင်းသည်ဆိုသော အင်ဂျင်ကို ဗြိတိန်အခြေစိုက် ရိုးလ်စ်ရွိုက်စ် ကုမ္ပဏီက ထုတ်လုပ်ခဲ့ခြင်းဖြစ် ရာ ထိုသတင်းပေါ်ထွက်လာပြီး နောက်ပိုင်း ကုမ္ပဏီရှယ်ယာဈေး နှုန်းများ ထိုးကျသွားခဲ့သည်။

အင်ဂျင်အစိတ်အပိုင်းကို ပြုပြင်ရန်နှင့် အခြားအင်ဂျင်အမျိုး အစားကို အစားထိုးရန် ရိုးလ်စ်ရွိုက်စ် နှင့်အဲဘတ်စ်ကုမ္ပဏီတို့မှ တာဝန် ရှိသူများ ညှိနှိုင်းလျက်ရှိကြောင်း သိရသည်။

**Mon**



ဒီမိုကရက်တစ်သမ္မတလောင်း ကာမာလာဟဲရစ် ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စု ပင်ဆယ်လ်ဗေးနီးယားပြည်နယ် ပစ်ဘတ်မြို့၌ စက်တင်ဘာ ၂ ရက်က ကူညီမဲဆွယ်စည်းရုံးပေးနေသော သမ္မတ ဂျိုးဘိုင်ဒင်အား တွေ့ရစဉ်။ **Mon**

# အီရတ်နိုင်ငံ၌ သန်းခေါင်စာရင်းကောက်ယူရန် နှစ်ရက်ကြာ နေဝင်မီးငြိမ်း အမိန့်ထုတ်မည်ဟု ဆို

**ဘဂ္ဂဒက် စက်တင်ဘာ ၃**

အီရတ်နိုင်ငံ၌ သန်းခေါင် စာရင်းကောက်ယူရန် နှစ်ရက် ကြာ နေဝင်မီးငြိမ်း အမိန့်ထုတ် မည်ဟု ဝန်ကြီးချုပ် မိုဟာမက် ရှီယာအယ်လ်ဆူဒါနီ ယခင် အပတ်နှောင်းပိုင်းက အတည်ပြု ပြောကြားကြောင်း အယ်လ်ဂျာဇီ ရာသတင်းဌာနက ဖော်ပြသည်။

အီရတ်နိုင်ငံတွင် နိုင်ငံရေး တည်ငြိမ်ပြီးနောက်ပိုင်း လူဦးရေ တရိပ်ရိပ်မြင့်လာခဲ့ရာ ယခုအခါ သန်းခေါင်စာရင်းကောက်ယူရန် လိုအပ်လာနေပြီဟု ၎င်းက ဆက် လက်ပြောကြားသည်။

၂၇ နှစ်အတွင်း အီရတ်နိုင်ငံ ၌ ပထမဆုံးကောက်ခံမည့် သန်း ခေါင်စာရင်း အစီအစဉ်ဖြစ်ရာ နိုဝင်ဘာ ၂၀ ရက် ၂၁ ရက်၌ ပြည်နယ်အားလုံးတွင် နေဝင်မီး ငြိမ်းအမိန့်ထုတ်ပြန်သွားမည်ဖြစ် သည်။ အိမ်ထောင်စုတိုင်းတွင် ညဦးပိုင်း၌ လူစုံတက်စုံရှိနေကာ လူဦးရေစာရင်းကောက်ရလွယ်ကူ စေရန် ထိုအမိန့်ထုတ်ပြန်မည့် သဘောဖြစ်ကြောင်း ဒေသတွင်း သတင်းမီဒီယာများတွင် ဖော်ပြ သည်။

တစ်နိုင်ငံလုံး၏ လူဦးရေ ၄၃ သန်းရှိနေပြီဟု ခန့်မှန်းထား သည်ကို ယင်းသန်းခေါင်စာရင်း ဖြင့် အတည်ပြုမည်ဖြစ်ကြောင်း သိရသည်။

**Mon**







# ပါကစ္စတန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုပမာဏ ၉ ဒသမ ၆ ရာခိုင်နှုန်းအထိ နေးကွေးလာခဲ့

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၃**

ပါကစ္စတန်နိုင်ငံ၏ငွေကြေး ဖောင်းပွမှုပမာဏသည် လွန်ခဲ့ သော ဩဂုတ်လက ၉ ဒသမ ၆ ရာခိုင်နှုန်းအထိ နေးကွေးလာခဲ့ ကြောင်း စီအင်န်အေသတင်းဌာန က ဖော်ပြသည်။

အပြည်ပြည်ဆိုင်ရာငွေကြေး ရန်ပုံငွေအဖွဲ့၏ ချေးငွေ အမေ ရိကန်ဒေါ်လာ သန်း ၇၀၀၀ ကို ပြန်ဆပ်နိုင်ရန်အတွက် အစိုးရက လယ်ယာထုတ်ကုန်များအပေါ် အခွန်တိုးမြှင့်ကောက်ခံကာ လျှပ် စစ်မီးခွန်ကိုလည်း မကြာသေးမီ က ဆက်လက်တိုးမြှင့်ခဲ့သည်။

ပြည်တွင်းရှိ လူလတ်တန်း စားနှင့် အောက်ခြေလူတန်းစား များအတွက် အနည်းနှင့်အများ အခက်ကြုံရသော်လည်း ငွေကြေး ဖောင်းပွမှုကို ၉ ဒသမ ၅ နှင့် ၁၀ ဒသမ ၅ ရာခိုင်နှုန်းအကြား ထိန်းထားနိုင်ခဲ့သည်။

စက်တင်ဘာလအတွင်း ငွေကြေးဖောင်းပွမှုအခြေအနေ ပိုမိုကောင်းမွန်ကာ ပါကစ္စတန် ရူပီးငွေကြေးတန်ဖိုး ဆက်လက် တည်ငြိမ်နေမည်ဖြစ်သည်ဟု ဘဏ္ဍာရေးကျွမ်းကျင်သူများ သုံး သပ်ခန့်မှန်းကြောင်း သိရသည်။

**Mon**



# ကမ္ဘာလှည့်ခရီးသွားများအပေါ် အခွန်တိုးမြှင့်ရန် နယူးဇီလန်အစိုးရ ထုတ်ဖော်အတည်ပြုကြေညာ

**ဝယ်လင်တန် စက်တင်ဘာ ၃**

ကမ္ဘာလှည့်ခရီးသွားများ အပေါ် အခွန်အစတိုးမြှင့်ကောက် ခံသွားမည်ဟု နယူးဇီလန်အစိုးရ က စက်တင်ဘာ ၃ ရက်တွင် ထုတ်ဖော်အတည်ပြုကြေညာ လိုက်ကြောင်း ဘီဘီစီသတင်း ဌာနက ဖော်ပြသည်။

သဘာဝရှုမျှော်ခင်းများ၊ အလှအပများကို ကြည့်ရှုခံစားရန် အလို့ငှာ ကမ္ဘာ့နိုင်ငံစုံမှ ခရီးသွား ဧည့်သည်များ နယူးဇီလန်နိုင်ငံသို့ သွားရောက်လည်ပတ်လေ့ရှိကြ သည်။

ယင်းခရီးသွားများကြောင့် ပိုမိုပျက်စီးရသော အရာများ ကို ပြုပြင်ထိန်းသိမ်းရန်အတွက် အဖိုးအခတိုးမြှင့်ရခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ရှင်းလင်း ပြောကြားသည်။

၂၀၁၉ ခုနှစ်က သတ်မှတ် ခဲ့သော ခရီးသွားဧည့်သည်များ အပေါ် ကောက်ခံမည့် အဖိုးအခ ၃၅ နယူးဇီလန်ဒေါ်လာရှိခဲ့ရာမှ လာမည့် အောက်တိုဘာ ၁ ရက် မှစတင်၍ နယူးဇီလန်ဒေါ်လာ ၁၀၀ အထိ သုံးဆမျှတိုးမြှင့် ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**Mon**

# အိန္ဒိယနိုင်ငံတောင်ပိုင်း ပြည်နယ်နှစ်ခုတွင် မိုးသည်းထန်ရေကြီးမှုအခြေအနေဆိုးရွား

**ဒေလီ စက်တင်ဘာ ၃**

အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ တေလင်္ဂါနာနှင့် အန်ဒရာပရာ ဒက်ရှ်ပြည်နယ်နှစ်ခုတွင် မိုးသည်း ထန်ရေကြီးမှုအခြေအနေဆိုးရွား လျက်ရှိကြောင်း ဘီဘီစီသတင်း ဌာနက ဖော်ပြသည်။

ထိုရေကြီးမှုကြောင့် လွန်ခဲ့ သော နှစ်ရက်အတွင်း တေလင် ဂါနာပြည်နယ်တွင် လူ ၁၆ ဦး၊ အန်ဒရာပရာဒက်ရှ်ပြည်နယ်တွင် ကိုးဦး သေဆုံးခဲ့ရသည်။

အဆိုပါပြည်နယ်နှစ်ခုတွင် ရေဘေးသင့်ဒေသခံဦးရေ ထောင် နှင့်ချီ၍ များပြားလျက်ရှိပြီး တေ လင်္ဂါနာပြည်နယ်တွင် အခြေ အနေပိုဆိုးသဖြင့် အရေးပေါ်အခြေ အနေကြေညာသင့်နေပြီဟု ပြည် နယ်အစိုးရက သဘောထားထုတ် ပြန်ခဲ့ကြောင်း သိရသည်။

**Mon**





## အောင်လံမြို့၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေ

**အောင်လံ စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့ချသုံးစွဲစေရန်ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာ မြို့မဈေးအရှေ့ဘက် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်၊ ကြွတ်ကြွတ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ယမန်နေ့နံနက် ၈ နာရီခွဲက ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**

အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အပတ်စဉ် တနင်္လာနေ့တိုင်း ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်မသုံးစွဲရေးနှင့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး Campaign များ ဆောင်ရွက်လျက်ရှိရာ၊ စက်တင်ဘာ ၂ ရက်တွင် အဖွဲ့ပိုင် မြို့မဈေးကြီး၌ အဆိုပါ Campaignအား ပြုလုပ်ခဲ့ပြီး၊ အောင်လံမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များ၊ စည်ပင်ကော်မတီများ၊ စုစုပေါင်း ၁၀ ဦးတို့မှ ပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**





## သာစည်မြို့အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**သာစည် စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ ကျောင်းသားလူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီးလူအများရှေ့ စကားပြောဆိုရာတွင် ရဲဝံ့စွာပြောဆို ဆွေးနွေးနိုင်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယမန်နေ့နံနက် ၉ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း သူရိယခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းက ဦးဆောင်၍ လူငယ်စကားဝိုင်းကို စတင်ရာ Grade-11 မှ မဇင်ဇင်မြင့်ဇော်က လူငယ်နှင့်ဂါရဝ၊ Grade-10 မှမ ဆုနှင်းထက်က လူငယ်နှင့်ကျန်းမာရေး၊ Grde-9 မှ မအိမ့်ကြာဖြူက လူငယ်နှင့်စာရိတ္တ၊ Grade-8 မှ မောင်ကောင်းမြတ်လင်းက လူငယ်နှင့်ယဉ်ကျေးမှု၊ Grade-7 မှ မမေမြတ်ငြိမ်းက လူငယ်နှင့်မူးယစ်ဆေး ခေါင်းစဉ်များဖြင့် ဆွေးနွေးသည်။ ဆက်လက်ပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက အဆိုပါခေါင်းစဉ်များနှင့်ပတ်သက်၍ မိမိတို့အတွေးအမြင်များကို ပြန်လည်ဆွေးနွေးခဲ့သည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးလှထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်ပြီး ကျောင်းသား၊ ကျောင်းသူများက အသိပညာပေးပြသထားသော နံရံကပ်စာစောင်နှင့် ဓာတ်ပုံများ၊ သုတရသစာအုပ်များကို လေ့လာကြည့်ရှုခဲ့သည်။

အဆိုပါလူငယ်စကားဝိုင်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်လဲ့လဲ့စိမ်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**(၄၈၇)**

## ပခုက္ကူမြို့ပေါ်ရပ်ကွက်များရှိ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး

**ပခုက္ကူ စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး၊ပခုက္ကူမြို့ပေါ်ရပ်ကွက်များရှိ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့ နံနက် ၈ နာရီက ဆောင်ရွက်ခဲ့ကြသည်။ **(ဝဲပုံ)**



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး ဦးဇော်ထွန်းဦးနှင့်ဝန်ထမ်းများ၊ သက်ဆိုင်ရာဌာန တာဝန်ရှိသူများ ပူးပေါင်းပြီး ပခုက္ကူမြို့ပေါ်ရပ်ကွက်များရှိ MSME လုပ်ငန်းများဖြစ်သည့် အာလူးကြော်လုပ်ငန်း၊ ကိတ်မုန့်လုပ်ငန်း၊ မြေပဲဆုံဆီလုပ်ငန်းများအား ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှန်ကန်စွာဖော်ပြရေး၊ သတ်မှတ်စံချိန်စံညွှန်းအရည်အသွေးများနှင့် ကိုက်ညီမှုရှိရေး၊ စားသုံးသူပြည်သူများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိစေရေးတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**(၃၄၀)**

## ကလောမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ စက်တင်ဘာ ၂ ရက် နံနက် ၉နာရီခွဲတွင် ကလောမြို့နယ်၊ ရေယားကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ထွန်းထွန်းဦး(ခ)ခေါင်းကြီး မောင်းနှင်ပြီး သန့်ဇင်ထွန်း လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၇,၀၀၀ ပြားအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ထွန်းထွန်းဦး(ခ)ခေါင်းကြီး(၃၆)နှစ်နှင့် သန့်ဇင်ထွန်း(၂၉)နှစ်တို့အား ကလောမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဝ-ဝ-ဝ-ဝ-ဝ



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်တွင် စိတ်ပြောင်းဆေးဝါး ကက်တမင်း ၃၇ ကီလိုနှင့် Happy Water ၆ ဒသမ ၅ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲက မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ တောင်ဌကျေးရွာအနီးတွင် ပြည့်ဖြိုးကျော်(ခ)မှုန်လေး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို သတင်းအရရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၃၇ ကီလိုနှင့် Happy Water ၆ ဒသမ ၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် သိန်းမင်းကျော်(ခ)ဖိုးထွေးနှင့် နိုင်ဝင်းထွန်းတို့ နှစ်ဦးအား ယင်းနေ့ မွန်းလွဲ ၁ နာရီက သာစည်မြို့နယ်၊ ဘုရားငါးဆူကျေးရွာအနီး၊ ပျော်ဘွယ်-တောင်ကြီးသွားကားလမ်းတွင် PAJERO မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း၊ စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ခိုင်းသူ ဘိုဘိုဇော်၊ မဒိုင်နန်း(ခ)ရွှေစင်နှင့် ဝင်းကိုကိုတို့ သုံးဦးအား ည ၁၁ နာရီခွဲက မဟာအောင်မြေမြို့နယ်၊ သိပ္ပံလမ်း၊ ၅၉လမ်းနှင့်၆ဝလမ်းကြားရှိ ဟိုတယ်တွင် LANDCRUISER မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့ကြောင်း စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများအား ရှမ်းပြည်နယ်မှ ကရင်ပြည်နယ်၊ မြဝတီမြို့သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် KTV/CLUB/BAR နှင့် စားသောက်ဆိုင်များတွင် လူငယ်များအား အန္တရာယ်ဖြစ်စေသည့် စိတ်ပြောင်းဆေးဝါးများ ဖြန့်ဖြူးရောင်းချနေမှုများကို ထိရောက်စွာတားဆီးနိုင်ရေးအတွက် စီမံချက်ချအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ သည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# နိုင်ငံရေးပါတီ ( ၂၅ ) ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ( ၁ ) ရက်
၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ( ၃ ) ရက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၂)ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၄ နှင့် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၄ တို့ဖြင့် The Myanmar National Democratic Alliance Army (MNDAA)၊ Ta'ang National Liberation Army (TNLA) နှင့် United League of Arakan (ULA)/ Arakan Army (AA) လက်နက်ကိုင်အဖွဲ့များအား အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပါသည်။

၂။ အဆိုပါအကြမ်းဖက်အုပ်စုများသည် အများပြည်သူ၏ လုံခြုံရေး၊ အသက်အိုးအိမ်စည်းစိမ်၊ အရေးကြီးသော အခြေခံအဆောက်အအုံများ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာ၊ အသုံးအဆောင်ပစ္စည်းများ၊ လမ်းတံတားများ၊ လျှပ်စစ်တာဝါတိုင်များ၊ လူနေထူထပ်သည့် မြို့ရွာများအား ပြင်းထန်စွာထိခိုက်ဆုံးရှုံးစေရန် ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ အဝေးမှ လက်နက်ကြီးများဖြင့်ပစ်ခတ်ခြင်း၊ Drop Bomb များချ၍ တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ ရဟန်းသံဃာ/ ပြည်သူများကို သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့ပါသည်။

၃။ ၎င်းအပြင် တက္ကသိုလ်/ကောလိပ်/ စာသင်ကျောင်းများအား ဖျက်ဆီးခြင်း၊ ဆရာ/ ဆရာမများနှင့် ကျောင်းသား/ ကျောင်းသူများအား ခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းများသည် နိုင်ငံတော်၏အနာဂတ်ကို ရိုက်ချိုးဖျက်ဆီးခဲ့ခြင်းဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ်များကို ဆုံးရှုံးစေပါသည်။

၄။ ဤကဲ့သို့စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများအား လူမှုဒုက္ခများ ဖြစ်ပေါ်အောင် ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက်လုပ်ဆောင်မှုများနှင့်ပတ်သက်၍ မိမိတို့နိုင်ငံရေးပါတီများက ပူးတွဲသဘောထားကြေညာချက်များထုတ်ပြန်၍ အစဉ်တစိုက် ဆန့်ကျင်ကန့်ကွက်ရှုတ်ချမှုများ ဆောင်ရွက်လျက်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ MNDAA၊ TNLA နှင့် AA လက်နက်ကိုင်အဖွဲ့များကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခြင်းအား သန်းပေါင်းများစွာသော ပြည်သူများကိုယ်စား မိမိတို့နိုင်ငံရေးပါတီများက အပြည့်အဝ ထောက်ခံပါကြောင်းနှင့် အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များကို ထာဝရဆန့်ကျင်သွားမည်ဖြစ်ကြောင်း အောက်တွင်လက်မှတ်ရေးထိုး ပူးတွဲသဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးဌေးကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါ်တိန့် | အတွင်းရေးမှူး | ဒီမိုကရေစီပါတီသစ်(ကချင်) | |
| ၄။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | |
| ၆။ | ဦးလီပေါ်ရဲ့ | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | |
| ၇။ | ဦးဦးသန်းဌေး | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၈။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၉။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ | |
| ၁၀။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၁။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၂။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၃။ | ဒေါ်တင်တင်မာ | ဥက္ကဋ္ဌ | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | |
| ၁၄။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၅။ | ဦးနိုင်မင်း | ဒုတိယဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ် | |
| ၁၆။ | ဦးအောင်မြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | |
| ၁၇။ | ဦးအောင်ဘ | ဗဟိုအလုပ်အမှုဆောင် | ခူမီး အမျိုးသားပါတီ | |
| ၁၈။ | ဒေါ်ဝင်းကေခိုင်အေး | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | |
| ၁၉။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ | |
| ၂၀။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၁။ | ဦးမြင့်သန်း | ဥက္ကဋ္ဌ | လေဘာပါတီ | |
| ၂၂။ | ဦးသန်းဦး | ဒုတိယဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | |
| ၂၃။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ | |
| ၂၄။ | ဦးပါစီပြည်ဟိန်း | ဥက္ကဋ္ဌ | လူထုပါတီ | |
| ၂၅။ | ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | |

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ခုနှစ် ဇန်နဝါရီ ၂၅ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**အမှုဖွင့်အရေးယူ**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၂ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Ye Yan"Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဟံသာဝတီရပ်ကွက်နေ ရဲရင့်(ခ)ရဲယံနှင့် "Pyae Sone Oo" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်နေ ပြည့်စုံဦးတို့အား နံနက် ၁၁နာရီ မိနစ် ၂၀တွင်လည်းကောင်း၊ "Ko Ko Shwe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ထိန်းတပ်ကျေးရွာနေ မင်းလွင်အား ညနေ ၆နာရီ ၅မိနစ်တွင်လည်းကောင်း၊ "အမေ့သမီးလေး"Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ပြည်ကြီးတံခွန်မြို့နယ် (၄)ရပ်ကွက်နေ ခိုင်ဦးအား ညနေ ၆နာရီ ၁၅မိနစ်တွင်လည်းကောင်း၊ "@naingnaing 68922"Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ မြစ်သားမြို့နယ် သစ်တက်ကုန်းကျေးရွာနေ လှနိုင်ဦး(ခ)တရုတ်ကြီးအား ညနေ ၆နာရီခွဲတွင်လည်းကောင်း၊ "Kaung Htet" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ အမရပူရမြို့နယ် ကျုံတန်းရပ်ကွက်နေ ကောင်းပြည့်ဦး(ခ)ကောင်းကောင်းအား ည ၉နာရီတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# 2024 Tiriac Foundation Trophy တင်းနစ်ပြိုင်ပွဲ စက်တင်ဘာ ၉ ရက်တွင် စတင်မည်



**လန်ဒန် စက်တင်ဘာ ၃**

ရိုမေးနီးယားနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Tiriac Foundation Trophy တင်းနစ်ပြိုင်ပွဲ လာမည့် စက်တင်ဘာ ၉ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2024 Tiriac Foundation Trophy တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၉ ရက်မှ ၁၆ရက်အထိ ရက်ကြာကျင်းပသွားမည်ဖြစ်သည်။

2024 Tiriac Foundation Trophy တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Tiriac Foundation Trophy တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ဩစတြေးလျားတင်းနစ်မယ် Astra Sharma ဖြစ်သည်။ **(အပေါ်ဝဲပုံ)** **(NGB)**

# လူးဝစ်ဆွာရက်ဇ် ဥရုဂွေးလက်ရွေးစင် ကစားသမားဘဝမှ အနားယူမည်

**လန်ဒန် စက်တင်ဘာ ၃**

ဥရုဂွေး လက်ရွေးစင်အသင်း တိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်သည် လာမည့် စက်တင်ဘာ ၇ရက်တွင် ပါရာဂွေးအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်ပြီးနောက် နိုင်ငံ့လက်ရွေးစင်အသင်း ကစားသမားဘဝမှ အနားယူမည်ဖြစ်ကြောင်း အတည်ပြု ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဥရုဂွေးလက်ရွေးစင်အသင်းနှင့်အတူ ၂၀၀၇မှ ၂၀၂၄ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၁၄၂ပွဲကစားကာ ၆၉ဂိုး သွင်းယူပြီးခြေစွမ်းပြနိုင်ခဲ့သူဖြစ်သည်။

အသက်(၃၇)နှစ်အရွယ်ရှိ လူးဝစ်ဆွာရက်ဇ်က "ကျွန်တော် ပါရာဂွေးနဲ့ ပွဲအပြီးမှာ လက်ရွေးစင်ကစားသမားဘဝမှ အနားယူမှာပါ။ ကျွန်တော် လက်ရွေးစင်အသင်းမှာ ကစားခဲ့တဲ့အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်တော်ကို အားပေးတဲ့ ပရိသတ်တွေကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

**(အောက်ပုံ)** **(NGB)**



# ဝီလီယံအား အိုလံပီယာကော့စ်အသင်း ခေါ်ယူ



**လန်ဒန် စက်တင်ဘာ ၃**

အိုလံပီယာကော့စ်အသင်းသည် ဖူလ်ဟမ်အသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့် တောင်ပံကစားသမား ဝီလီယံအား ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက် (၃၆)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ချဲလ်ဆီး၊ အာဆင်နယ်၊ ဖူလ်ဟမ်စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင်လည်း ကစားခဲ့ပြီး အောင်မြင်မှုများ ရယူထားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် အိုလံပီယာကော့စ်အသင်းက ခေါ်ယူအားဖြည့်ခဲ့ခြင်းဖြစ်သည်။

အိုလံပီယာကော့စ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ရှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

**(အပေါ်ပုံ)** **(NGB)**

# မီရီနို ပခုံးဒဏ်ရာကြောင့် နှစ်လခန့် အနားယူရဖွယ်ရှိ



**လန်ဒန် စက်တင်ဘာ ၃**

ကွင်းလယ်ကစားသမားသစ် မီရီနို ပခုံးဒဏ်ရာကြောင့် နှစ်လခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် အသင်း၏ လေ့ကျင့်ရေး အစီအစဉ်တွင် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား မီရီနိုသည် ၂၀၂၄ နွေရာသီ အပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် ဆိုစီဒက်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး လက်ရှိအချိန်အထိ အသင်းနှင့်အတူ ပွဲစဉ်တစ်ပွဲမျှပင် မကစားရသေးဘဲ ဒဏ်ရာကြောင့် အနားယူရတော့မည်ဖြစ်သည်။

အသက် (၂၈)နှစ်အရွယ်ရှိ မီရီနို ဒဏ်ရာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ကွင်းလယ်ပိုင်းအင်အားဖြည့်တင်းခဲ့သည့် အာဆင်နယ်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။ **(အပေါ်ပုံ)** **(NGB)**

# ဆော်ပေါ်လိုအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားမည်ဟု ဂျာမယ်လူးဝစ် ပြောကြား

**လန်ဒန် စက်တင်ဘာ ၃**

ဆော်ပေါ်လို နောက်ခံကစားသမားသစ် ဂျာမယ်လူးဝစ်က မိမိအနေဖြင့် အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် လက်ရှိ အပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် နယူးကာဆယ်အသင်းမှ ဆော်ပေါ်လိုအသင်းသို့ တစ်ရာသီအငှားဖြင့် ပြောင်းရွှေ့ရောက်ရှိလာခဲ့သည်။

နောက်ခံကစားသမား ဂျာမယ်လူးဝစ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက နယူးကာဆယ်အသင်းမှ ဝက်ဖို့ဒ်အသင်းသို့ အငှားဖြင့် သွားရောက်ကစားပြီး ပြိုင်ပွဲစုံ ၃၈ ပွဲကစားကာ အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဆော်ပေါ်လိုအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဂျာမယ်လူးဝစ်က "ကျွန်တော် ဆော်ပေါ်လိုအသင်းနှင့်အတူ အောင်မြင်မှုများ ရရှိအောင် အစွမ်းကုန်ကြိုးစားသွားမှာပါ။ ကျွန်တော့်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ ပွဲထွက်ကစားဖို့ မစောင့်နိုင်လောက်အောင်ပါပဲ"ဟု ပြောသည်။ **(အောက်ပုံ)** **(NGB)**



# စမောလင်းအား အယ်လ်ဖေဟာအသင်း ခေါ်ယူ

**လန်ဒန် စက်တင်ဘာ ၃**


ဆော်ဒီကလပ် အယ်လ်ဖေဟာအသင်းသည် ရိုးမားအသင်း နောက်ခံကစားသမား စမောလင်းအား ၂နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။



အဆိုပါ နောက်ခံကစားသမားသည် ရိုးမားအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၅ပွဲကစားကာ ၁၀ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အယ်လ်ဖေဟာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၄)နှစ်အရွယ်ရှိ စမောလင်းက "ကျွန်တော် အယ်လ်ဖေဟာအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော့်ကို နွေးထွေးစွာ ကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ အယ်လ်ဖေဟာအသင်း အောင်မြင်ဖို့ အစွမ်းကုန် ပေးဆပ်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(ဝဲပုံ)** **(NGB)**

# အိုဆင်ဟန်အား တစ်ရာသီအငှားဖြင့် ဂါလာတာစာရေးအသင်း ခေါ်ယူ



**လန်ဒန် စက်တင်ဘာ ၃**

ဂါလာတာစာရေးအသင်းသည် နာပိုလီအသင်း တိုက်စစ်မှူး အိုဆင်ဟန်အား တစ်ရာသီအငှားဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် နာပိုလီအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၃ပွဲကစားပြီး ၇၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂါလာတာစာရေးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဂါလာတာစာရေးအသင်း ထုတ်ပြန်ချက်တွင် "အိုဆင်ဟန်အား ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို ရလဒ်ကောင်းတွေ ရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ထပ်မံခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။

**(ဝဲပုံ)** **(NGB)**

## နိုင်ငံတကာခြေစမ်းပွဲများ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၄-၉-၂၀၂၄ ဗုဒ္ဓဟူးနေ့ | မွန်းလွဲ ၃း၀၀နာရီ | လက်ဘနွန် - တာဂျစ်ကစ္စတန် |
| ။ | ည ၇း၃၀နာရီ | မလေးရှား - ဖိလစ်ပိုင် |
| ။ | ည ၁၀း၃၀နာရီ | ဂျီဘရော်တာ - အန်ဒိုရာ |

## ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲ(အာဖရိကဇုန်) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၄-၉-၂၀၂၄ ဗုဒ္ဓဟူးနေ့ | ည ၉း၃၀နာရီ | ကိုမိုရော့စ် - ဂမ်ဘီယာ |
| ။ | ည ၁၀း၃၀နာရီ | လစ်ဗျား - ရဝမ်ဒါ |
| ။ | ။ | တန်ဇန်းနီးယား - အီသီယိုးပီးယား |
| ၅-၉-၂၀၂၄ ကြာသပတေးနေ့ | နံနက် ၀၁း၃၀နာရီ | ဆူဒန် - နိုင်ဂျာ |






# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တိုးချဲ့စိုက်ပျိုးမည့် နေကြာသီးနှံ၊ ဝါသီးနှံမျိုးစေ့များနှင့် ကော်ဖီပျိုးပင်များကို တောင်သူများထံ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်

**မန္တလေး စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တိုးချဲ့စိုက်ပျိုးမည့် နေကြာသီးနှံ၊ ဝါသီးနှံမျိုးစေ့များနှင့် ကော်ဖီပျိုးပင်များအား တောင်သူများထံ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ သက်ဆိုင်ရာ ဌာနများမှ တိုင်းဒေသကြီးဦးစီးမှူးများ၊ တာဝန်ရှိသူများ၊ တောင်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ပြည်ပမှတင်သွင်းသော ဆီနှင့် ဆီထွက်ပစ္စည်းများ အစားထိုးရန်အတွက် ပြည်တွင်းဆီထွက်သီးနှံများ၏ ထုတ်လုပ်မှုစွမ်းအားတိုးမြှင့်စေရန် ဆီထွက်သီးနှံ(နေကြာ)တိုးချဲ့စိုက်ဧကများအတွက် နေကြာမျိုးစေ့များ၊ ပြည်တွင်းအထည်အလိပ်စက်ရုံများအတွက် လိုအပ်သည့် အရေအတွက်နှင့် အရည်အသွေးမြင့် ဝါမျိုးများရရှိစေရန် စိုက်ပျိုးမည့်ဧကများအတွက် ဝါမျိုးစေ့များ၊ နိုင်ငံတော်၏ စီမံကိန်းသီးနှံ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်ဖီစိုက်ပျိုး၊ထုတ်လုပ် တောင်သူ၊ လုပ်ငန်းရှင်များအတွက် ကော်ဖီပျိုးပင်များကို ထောက်ပံ့ပေးအပ်သည့် အခမ်းအနားဖြစ်ပါကြောင်း၊ ယခုလို အရည်အသွေးကောင်း၊ အထွက်ကောင်းမျိုးစေ့များ၊ ပျိုးပင်များ ထောက်ပံ့ပေးခြင်းသည် တောင်သူများ၏ သီးနှံအထွက်နှုန်းတိုးရေးနှင့် အရည်အသွေးကောင်းမွန်ရေးကို အဓိကရည်ရွယ်၍ ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်းလေးသွယ်ဖြင့် စနစ်တကျ ဆောင်ရွက်ပါက အထွက်နှုန်းများ ပိုမိုတိုးတက်လာပြီး ဒေသတွင်း စားရေရိက္ခာဖူလုံမှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးထုတ်လုပ် တောင်သူ၊ လုပ်ငန်းရှင်များ ကဏ္ဍအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းထိန် က နေကြာသီးနှံနှင့် ဝါသီးနှံများ တိုးချဲ့စိုက်ပျိုးရေးနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက တိုင်းဒေသကြီးအတွင်း တိုးချဲ့စိုက်ပျိုးဧကများအတွက် တောင်သူများထံ သီးနှံမျိုးစေ့များနှင့် ကော်ဖီပင်များ ပေးအပ်ရာ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးလယ်မြေ တစ်သီးစိုက်ဧကပေါ်တွင် ဆောင်းနေကြာသီးနှံတိုးချဲ့စိုက်ပျိုးဧက ၁၁၀၀၊ ၂၀၂၄-၂၀၂၅ ခုနှစ် ဝါသီးနှံတိုးချဲ့စိုက်ပျိုးဧက ၃၁၅၀၀ တို့အတွက် နေကြာမျိုးစေ့များနှင့် ဝါမျိုးစေ့များကိုလည်းကောင်း၊

စာမျက်နှာ ၁၃ သို့ ■












■ စာမျက်နှာ ၁၂ မှ

ကော်ဖီစိုက်ပျိုးတောင်သူများထံ ကော်ဖီပျိုးပင် ၂၇၀၀၀ ပင်ကို လည်းကောင်း ပေးအပ်ကြပြီး တောင်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများနှင့် နေကြာသီးနှံမျိုးစေ့၊ ဝါသီးနှံမျိုးစေ့နှင့် ကော်ဖီပင်များ ပြသထားမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀


















# ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ဆေးတိုက်ကျွေး

**ပင်လောင်း စက်တင်ဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့၊ မြို့ပေါ်ရပ်ကွက်များ၊ ပင်လောင်းကြီးကျေးရွာအုပ်စုမှ ကျေးရွာများနှင့် နေရပ်စွန့်ခွာပြည်သူများ၏ မွေးကင်းစမှ အသက်(၁)နှစ်ခွဲအောက်ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများကို ယနေ့ နံနက် ၉ နာရီခွဲက မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာန၌ ဆောင်ရွက်ပေးခဲ့သည်။ **(ယာပုံ)**

အဆိုပါ ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ပေးရာတွင် အသက်တစ်နှစ်ခွဲအောက်ကလေးငယ်များအား ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှော (ရိုတာ)၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင် (ပီစီဗီ)၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ် ကာကွယ်ဆေး)၊ ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်-ဂျိုက်သိုးစသည့် ကာကွယ်ဆေး (၈)မျိုးကို တိုက်ကျွေး၊ ထိုးနှံပေးခြင်း၊ ကလေးသူငယ်များအား ကိုယ်အလေးချိန် တိုင်းတာပေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

အလားတူ စင်းတောင်းကျေးရွာအုပ်စု၊ စင်းတောင်းကျေးရွာတွင်လည်း မွေးကင်းစမှ အသက်တစ်နှစ်ခွဲအောက် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများကို ကျေးလက်ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၁၀)

**သင့် ကျန်းမာရေးအတွက် နေ့စဉ်လမ်းလျှောက်ပါ။**



# အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## မိတ်ကပ်မလိမ်းထားသလို ပုံစံဖြစ်စေမယ့် မိတ်ကပ်လိမ်းခြယ်နည်း




မိတ်ကပ်လိမ်းတယ်ဆိုတာ ပင်ကိုယ်အလှကိုပိုပြီး လှပလာအောင် ပြင်ဆင်ခြယ်သရတာဖြစ်ပါတယ်။ အရင်တုန်းကတော့ မိတ်ကပ်လိမ်းရင် မိတ်ကပ်အရောင်ထင်းထင်းကြီးတွေ ခြယ်သခြင်းဖြင့် မိတ်ကပ်လိမ်းထားတာသိသာအောင် ပြင်လေ့ရှိကြပါတယ်။ အခုခေတ်မှာတော့ ပွဲတက်အတွက် မိတ်ကပ်လိမ်းရင်တောင် မိတ်ကပ်အထူထင်းထင်းကြီးလိမ်းခြယ်တာမျိုးမဟုတ်တော့ဘဲနဲ့ ကိုယ့်အသားအရောင်၊ ဝတ်မယ့်အဝတ်အစားနဲ့လိုက်ဖက်တဲ့ မိတ်ကပ်ပြင်ဆင်ခြယ်သနည်းကို အသုံးပြုကြတာကြောင့် အရင်လို ခပ်ထူထူ ထင်းထင်းကြီးတွေ မလိမ်းကျတော့ပါဘူး။

နေ့စဉ်ဘဝမိတ်ကပ်လိမ်းခြယ်တဲ့အခါမှာလည်း မိတ်ကပ်လိမ်းထားမှန်းသိသာစေတဲ့အပြင်အဆင်မျိုး လိမ်းခြယ်တာမဟုတ်တော့ဘဲနဲ့ ဘာမှမလိမ်းထားသလို သဘာဝအတိုင်းလှနေတဲ့မိတ်ကပ်အပြင်အဆင်တွေကို ပြင်ဆင်လာကြပါတယ်။ မိတ်ကပ်မလိမ်းထားသလို သဘာဝအတိုင်းလှနေစေမယ့် မိတ်ကပ်လိမ်းခြယ်အဆင့်ဆင့်ကို မျှဝေပေးပါမယ်။ ဘယ်လိုပုံစံမိတ်ကပ်ပဲလိမ်းလိမ်း အရေးကြီးဆုံးကတော့ အသားအရေကောင်းနေဖို့ လိုအပ်တာကြောင့် Skin care ကို သေချာဂရုစိုက်လိမ်းပေးဖို့လိုအပ်ပါတယ်။ အောက်ခံမိတ်ကပ်တွေအစား မိတ်ကပ်သားသိပ်မပါတဲ့ BB Cream, CC Cream ကို လိမ်းပေးလို့ရသလို မလိမ်းလည်း ရပါတယ်။ မျက်တွင်းချိုင့်၊ မျက်ကွင်းညိုတာနဲ့ အနာအဆာတွေကို ဖုံးပေးနိုင်ဖို့အတွက် Concealer ကိုတော့ လိမ်းဖို့ လိုအပ်ပါတယ်။ ပါးနီကိုလည်း အရည်အမျိုးအစား ပါးနီ (Cream Blush)၊ နှုတ်ခမ်းနီကိုလည်း Tint Lipstick၊ Lip balm၊ မျက်တောင်ကိုလည်း မျက်တောင်ကော့စက်နဲ့ကော့ပြီး လိမ်းထားရင်တောင် မသိသာစေမယ့် Mascara အမျိုးအစား၊ မျက်ခုံးမွေးခဲတံအစား Eyebrow gel နဲ့မျက်ခုံးမွေးကို ဆွဲပေးပြီး အရောင်မပါတဲ့ Face-Powder ကို လိမ်းပေးပါ။ မိတ်ကပ်လိမ်းထားသလို မသိသာချင်တဲ့သူတွေအတွက် အခုပြောပြပေးခဲ့တဲ့နည်းလမ်းကို အသုံးပြုပြီး သဘာဝဆန်ဆန်လှပတဲ့ မိတ်ကပ်အပြင်အဆင်ကို ပြင်ဆင်ခြယ်သနိုင်ပါတယ်။

**Daisy**

## ဆံပင်ကျွတ်ရခြင်းရဲ့ အဓိကအကြောင်းအရင်း ငါးခု

ကျန်းမာရေးနဲ့ညီညွတ်စွာ စားသုံးနေပေမယ့် ဆံပင်တွေကျွတ်နေတုန်းဆိုရင် အဲဒါနဲ့ပတ်သက်ပြီး တစ်ခုခုလုပ်ဖို့ လိုနေပါပြီ။ ဆံပင်ကျွတ်တာအတွက် ဆေးဘက်ဆိုင်ရာအကူအညီကို မရှာဖွေကြပေမယ့် ဆံပင်ကျွတ်ရခြင်း အကြောင်းအရင်းကိုတော့ တွေးဖြစ်ကြပါတယ်။ လူတိုင်းဟာ ခေါင်းပေါ်က ဆံပင်တွေ ကျွတ်ပြီး ပါးသွားတဲ့အခါ စိုးရိမ်စိတ်တွေ ဖြစ်ပေါ်လာတတ်ကြပါတယ်။ ဒါပေမဲ့ ဆံပင်ကျွတ်ပြီး ဆံပင်ပါးရခြင်းအကြောင်းအရင်းကို သိဖို့ အရေးကြီးတာကြောင့် ဆံပင်ကျွတ်ရခြင်းအကြောင်းအရင်းကို မျှဝေပေးလိုက်ပါတယ်။

**(၁) စိတ်ဖိစီးခြင်း**

အလွန်အကျွံအတွေးလွန်တဲ့အခါ၊ စိတ်ဖိစီးလွန်းတဲ့အခါ အာရုံကြောစနစ်တစ်ခုလုံးနဲ့ အစာခြေစနစ်တွေ ကမောက်ကမ ဖြစ်ရပါတယ်။ အဲဒါက အတွင်းပိုင်းမညီမျှမှုတွေ ဖြစ်ပေါ်လာပြီး လိုအပ်တဲ့ အာဟာရဓာတ်ကို မပေးစွမ်းနိုင်တာကြောင့် ဆံပင်ကျွတ်ခြင်းနဲ့ ဆံပင်ပါးခြင်းကို ဖြစ်စေပါတယ်။

**(၂) တစ်နေ့တာအစားအစာ**

Biotin ,Zinc နဲ့ Vitamin-D ချို့တဲ့ခြင်းက ဆံပင်ကျွတ်ခြင်းနဲ့ ဆံပင်ပါးခြင်းကို ဖြစ်ပေါ်စေပါတယ်။ Vitamin-D ချို့တဲ့ခြင်းကြောင့် ထိပ်ပြောင်ခြင်းကို ဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် ဆံပင်ကျွတ်ခြင်းနဲ့ ဆံပင်ပါးခြင်းတွေ မဖြစ်အောင် ခန္ဓာကိုယ်က လိုအပ်တဲ့အာဟာရဓာတ်တွေရဖို့အတွက် ကျန်းမာရေးနဲ့ ညီညွတ်တဲ့စားသောက်နေထိုင်မှုပုံစံကို ထိန်းထားဖို့ အရေးကြီးပါတယ်။

**(၃) ဗောက်ထခြင်း**

ဆံပင်ကျွတ်ခြင်းရဲ့နောက်ထပ် အကြောင်းအရင်းကတော့ ဗောက်ထခြင်းပါပဲ။ ခေါင်းမှာ ဗောက်ဖတ်တွေ စုပုံလာတဲ့အတွက် ခေါင်းယားယံလို့ ကုပ်မိကြပါတယ်။ အဲဒီလိုလုပ်တာက ဆံသားကို အားနည်းသွားစေပြီး ရလဒ်အနေနဲ့ ဆံပင်ပါးခြင်း၊ ဆံပင်ကျွတ်ခြင်းတွေ ဖြစ်လာစေပါတယ်။



**(၄) ကိုယ်အလေးချိန်**

ကိုယ်အလေးချိန်သိသိသာသာကျသွားတာက သင့်ရဲ့ ဆံပင်အပေါ် ဆိုးရွားတဲ့သက်ရောက်မှုရှိစေနိုင်ပါတယ်။ ကိုယ်အလေးချိန်ကျသွားရင်းနဲ့ အရေးကြီးတဲ့ အာဟာရဓာတ်တချို့ကိုလည်း ဆုံးရှုံးရပြီး ဆံပင်ကျွတ်ခြင်းကို ဖြစ်စေတဲ့ ဆိုးကျိုးလည်း ရှိလာစေနိုင်ပါတယ်။

**(၅) အသက်အရွယ်**

ယောကျ်ားလေးပဲဖြစ်ဖြစ်၊ မိန်းကလေးပဲဖြစ်ဖြစ် အသက်ကြီးလာတာနဲ့ ခန္ဓာကိုယ်မှာ အပြောင်းအလဲတွေ အများကြီးဖြစ်လာပြီး ဆံပင်တွေ ကျွတ်လာနိုင်ပါတယ်။

**Daisy**

## မိတ်ကပ်ပစ္စည်းတွေရဲ့သက်တမ်းနဲ့ လဲလှယ်သင့်တဲ့အချိန်

ဘယ်ကုန်ပစ္စည်းမဆို သက်တမ်းကုန်ဆုံးချိန်ဆိုတာရှိတာကြောင့် မိတ်ကပ်ပစ္စည်းတွေမှာလည်း သက်တမ်းကုန်ဆုံးချိန်ဆိုတာ ရှိပါတယ်။ မိတ်ကပ်လိမ်းခြယ်ပေးတဲ့သူမဟုတ်ဘဲ သာမန်အသုံးပြုသူတွေဆိုရင် မိတ်ကပ်ပစ္စည်းတွေက သက်တမ်းမကုန်ခင် ကုန်သွားတယ်ဆိုတာ သိပ်မရှိပါဘူး။ အများအားဖြင့် မိတ်ကပ်ရည်၊ မျက်နှာလိမ်းပေါင်ဒါနဲ့ နှုတ်ခမ်းနီလောက်သာ သတ်မှတ်ရက်မတိုင်ခင်ကုန်သွားတတ်ကြပေမယ့် မိတ်ကပ်လိမ်းခြယ်တဲ့ ပစ္စည်းတွေဖြစ်တဲ့ ဖော့၊ brush, eyeshadow, ပါးနီတွေက သက်တမ်းကုန်သွားတာတောင် အများကြီးကျန်နေသေးတာကြောင့် ပစ်ရမှာနှမြောပြီး ဆက်အသုံးပြုတာမျိုးတွေ လုပ်ကြပါတယ်။

မိတ်ကပ်လိမ်းတဲ့ဖော့တွေကတော့ သုံးလတစ်ကြိမ် အသစ်လဲပြီး ပေါင်ဒါလိမ်းတဲ့ ဖော့ကိုတော့ ခြောက်လတစ်ကြိမ် အသစ်လဲပါ။ ဂျိုင်း(ချိုင်း)မွေးရိတ်တဲ့ ဂျူတ်ကိုလည်း တစ်ပတ်တစ်ခါ အသစ်လဲပြီး Mascara ကိုတော့ လေးလတစ်ခါလဲပါ။ Eye shadow ကိုတော့ အလွန်ဆုံး နှစ်နှစ်ခန့်၊ နှုတ်ခမ်းနီကို တစ်နှစ်ခန့်၊ မိတ်ကပ်လိမ်းတဲ့ brush တွေကိုတော့ နှစ်နှစ်ခန့် အသုံးပြုသင့်ပါတယ်။ မိတ်ကပ်ရည်၊ two way powder, face powder, ပါးနီနဲ့ skin care ပစ္စည်းတွေကိုတော့ သက်တမ်းမကုန်ခင်အထိသာ အသုံးပြုပေးပါ။ သတ်မှတ်ထားတဲ့ရက်ကျော်လွန်ပြီး အသုံးပြုမယ်ဆိုရင် မိတ်ကပ်ပစ္စည်းအရည်အသွေးကျဆင်းပြီး မိတ်ကပ်ကွက်ခြင်း၊ အရောင်မညီခြင်း၊ လိမ်းရခက်ခြင်း၊ မျက်နှာယားယံခြင်း၊ ထိခိုက်လွယ်ခြင်း၊ ဝက်ခြံနဲ့အဆီဖုပေါက်ခြင်းအပြင် အခန့်မသင့်ရင် မျက်နှာတစ်ခုလုံး ဆိုးဆိုးရွားရွားဖြစ်တဲ့ အခြေအနေထိ ရောက်နိုင်တာမလို့ မိတ်ကပ်ပစ္စည်းတွေကို မကုန်သေးဘူးဆိုရင်လည်း မနှမြောဘဲ ပစ်လိုက်ပြီး အသစ်ကို အသုံးပြုပေးပါလို့ တိုက်တွန်းလိုက်ပါတယ်။

**Daisy**



## ထောပတ်သီးကပေးတဲ့ အလှအပဆိုင်ရာ အကျိုးကျေးဇူးများ

ထောပတ်သီးဟာ ကျန်းမာရေးအတွက်ရော အလှအပရေးရာအတွက်ပါအကျိုးရှိတဲ့ အသီးတစ်မျိုးဖြစ်ပြီး ထောပတ်သီးအစေ့ဟာလည်း အလှအပရေးရာအတွက် အင်မတန် အသုံးဝင်ပါတယ်။ ထောပတ်သီးဟာ အမျှင်ဓာတ် (fiber) ကြွယ်ဝသော အသီးတစ်မျိုးလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ အဝလွန်နေသူတွေအတွက် ထောပတ်သီး စားသုံးခြင်းဖြင့် ဝိတ်ကိုလည်းကျစေပါတယ်။ ထောပတ်သီးအစေ့ရဲ့ အသုံးဝင်ပုံတွေကို အားလုံးသိအောင် မျှဝေပေးလိုက်ရပါစေ။

ထောပတ်သီးအစေ့မှာ အိုမင်းရင့်ရော်ခြင်းကို ကာကွယ်တားဆီးပေးနိုင်တဲ့ Anti-aging ဓာတ်ပါဝင်ပြီး မျက်နှာပေါ်က အမည်းစက်တွေကို သက်သာပျောက်ကင်းစေနိုင်ပါတယ်။ ထောပတ်သီးအစေ့ကို ရေနဲ့သေချာစွာ ဆေးကြောပြီး ခြောက်သွေ့သွားအောင် သုံးရက်ကနေ ငါးရက်ခန့်အထိ နေလှန်းပေးကာ ခြောက်သွေ့သွားပြီဆိုတော့မှာ အမှုန့်အဖြစ် ကြိတ်ချေပြီး အသုံးပြုပေးရမှာပဲဖြစ်ပါတယ်။ ကြိတ်ချေထားတဲ့ ထောပတ်သီးအမှုန့်ကို ရှားစောင်းလက်ပပ်၊ သခွားသီး အစရှိတာတွေနဲ့ ရောစပ်ကာ Facial Mask အဖြစ် အသုံးပြုနိုင်ပါတယ်။

အရေပြား ဓာတ်မတည့်မှုကြောင့် ယားယံမှုတွေ ဖြစ်ပေါ်တဲ့အခါမျိုးတွေနဲ့ နီမြန်းရောင်ရမ်းလာတဲ့အခါမျိုးမှာ ကြိတ်ချေထားတဲ့ ထောပတ်သီးစေ့ အမှုန့်နဲ့ ရေအနည်းငယ် ရောစပ်ကာ အရေပြားပေါ်မှာ လိမ်းပေးခြင်းအားဖြင့် သက်သာပျောက်ကင်းစေနိုင်ပါတယ်။

ဦးရေပြား ယားယံခြင်းနဲ့ ဗောက်ထခြင်းတွေအတွက် ကြိတ်ချေထားတဲ့ ထောပတ်သီးစေ့အမှုန့်ကို အသုံးပြုနေကျ ခေါင်းလျှော်ရည်နဲ့ အနည်းငယ်ရောစပ်ကာ အသုံးပြုပေးခြင်းအားဖြင့် ဗောက်ထခြင်းကို သိသိသာသာ သက်သာ ပျောက်ကင်းစေတဲ့အပြင် ဆံသားတွေကို ပျော့ပျောင်းတောက်ပြောင်လာစေပါတယ်။

နေလောင်ထားတဲ့ အသားအရေတွေနဲ့ အသားအရေ အရောင်မညီညာမှုတွေအတွက် ထောပတ်သီးစေ့အမှုန့်ကို သံလွင်ဆီ၊ အုန်းဆီ အစရှိတဲ့ သဘာဝအဆီ တစ်မျိုးမျိုးနဲ့ရောစပ်ကာ Body Scrub အဖြစ် တစ်ပတ် နှစ်ကြိမ်ခန့် အသုံးပြုပေးနိုင်ပါတယ်။

အဝလွန်နေသူများအတွက် ထောပတ်သီးဖျော်ရည် နေ့စဉ်သောက်သုံးခြင်းဖြင့် ခန္ဓာကိုယ်အတွင်းရှိ မလိုအပ်သော အဆီများကို ဖယ်ရှားရှင်းပေးပါတယ်။ ဒါကြောင့်မို့ သဘာဝအတိုင်း ကျန်းမာရေးအတွက်ရော၊ အလှအပအတွက်ပါ ကောင်းမွန်တဲ့ ထောပတ်သီးကို စားသုံးကြပါလို့ တိုက်တွန်းလိုက်ပါရစေ။ **Daisy**



## မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မိုင်းဖြတ် စက်တင်ဘာ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ မြို့နယ်စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးညီညီအောင်က နမ့်ယွန်းကျေးရွာတွင် စာကြည့်တိုက်အသစ် တည်ဆောက်၍ ပါလောင်းကျေးရွာတွင် စာကြည့်တိုက်ပြုပြင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က ရန်ပုံငွေရရှိမှုအခြေအနေများနှင့် စာကြည့်တိုက်များအသစ်တည်ဆောက်ရေး၊ ပြုပြင်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများနှင့် မြေနေရာရရှိရေးတို့ကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များက စာကြည့်တိုက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြရာ မြို့နယ်စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## လူငယ်တွေကို လမ်းဖွင့်ပေးပါ စာအုပ်ဖြင့် စာဖတ်ဝိုင်း ဆွေးနွေး


**စဉ့်ကိုင် စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်လူထုအခြေပြုဗဟိုဌာန(Community Cen-tre)ခန်းမတွင် စာပေဖတ်ရှုသည့်အလေ့အထကောင်းများရရှိစေရန်နှင့် စာဖတ်ရှုနိုင်မြင့်မားစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် စာအုပ်၊ စာစောင် ချစ်မြတ်နိုးသူများအသင်း(Book Club)အဖွဲ့တို့ ပူးပေါင်း၍ စာရေးဆရာ အောင်ကိုဦး(UMK) ရေးသားထားသည့် 'လူငယ်တွေကို လမ်းဖွင့်ပေးပါ' စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၂၉ ရက် မွန်းလွဲပိုင်း ၃ နာရီက ပြုလုပ်ခဲ့သည်။

စာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက စာဖတ်ဝိုင်းများပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာအုပ်၊ စာစောင် ချစ်မြတ်နိုးသူများအသင်းနာယက ဦးသန်းအောင်က အဆိုပါစာအုပ်မှ 'လူငယ်တွေကို လမ်းဖွင့်ပေးပါ' ခေါင်းစဉ်ပါအကြောင်းအရာများဖြင့် ဦးဆောင်ဆွေးနွေးခဲ့ပြီး (Book Club) ဥက္ကဋ္ဌ ဦးသန်းဝင်းက 'လူငယ်များနဲ့ အမေ့အိမ်အပြန်' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒု-ဥက္ကဋ္ဌ ဦးအေးကိုကို (ဝင်းမောင်မောင်-ပန်းလောင်လွှင်ပြင်)က 'စကတည်းက ငွေနောက်မလိုက်ပါနဲ့' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အသီးသီး ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော စာပေဝါသနာရှင်များက မိမိတို့၏ အတွေးအမြင် ရသများအား အသီးသီးပါဝင်ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



**(အပေါ်ပုံ)(၃၉၉)**



## ကဗျာဆရာအောင်ချိမ့်၏ ငါ့ကဗျာဟာ ငါရေးတာ ကဗျာစာအုပ်ထွက်ရှိ

**မန္တလေး စက်တင်ဘာ ၃**

ကဗျာဆရာအောင်ချိမ့်၏ "ငါ့ကဗျာဟာ ငါရေးတာ" ကဗျာစာအုပ် စိတ်ကူးချိုချိုစာပေမှ ထွက်ရှိလာသည်။ ကဗျာဆရာအောင်ချိမ့်ကွယ်လွန်ပြီးနောက် ထွက်ရှိလာသော ကဗျာစာအုပ်ဖြစ်ပြီး ထွက်ရှိပြီးကဗျာစာအုပ်များတွင် မပါဝင်သော ကဗျာအသစ်စက်စက်များဖြစ်ကာ ကဗျာဆရာ၏ လက်ရေးမူအတိုင်း ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါကဗျာစာအုပ်တွင် သူ့ချစ်သူထံ ပေးစာများပါပြီး ထွက်သမျှ ကဗျာစာအုပ်များထဲတွင် ထူးခြားသော ကဗျာစာအုပ်လည်း ဖြစ်သည်။

**နောက်ဆုံးသတင်း**

**- ဒူးယားစီးကရက်နံ့သင်းသင်း**
**ပိန်ရှည်ရှည် ရှတည်တည်နဲ့**
**ငယ်ငယ်ရွယ်ရွယ်**
**တစ်မိုးအောက်တစ်ယောက်ပဲ**
**အမေ၊ အဖေတွေထက် ချစ်ခဲ့ကြတယ်။**
**- ကိုကို မကြိုက်တာ ဘာမှမလုပ်ပါဘူး**
**ကြမ်းပြင်ကို နင်းသွားနိုင်ပါတယ်**
**ညီမလေး ကိုကို့ကို သတိရတယ်။**

**အောင်ချိမ့်**

ခေတ်ပေါ်(မော်ဒန်)ကဗျာမြတ်နိုးသူများ ဝယ်ယူအားပေးဖတ်ရှုလိုပါက မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချိုစာပေတွင် ငွေကျပ် ၁၃၅၀၀ ဖြင့် ဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)PNT**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့မြေလေး

## ပန်းချီကဗျာ ချစ်သည်းညှာ

* စာ + ပန်းချီ
စွဲမက်ချစ်။
သက်တမ်းစစ်
ခြောက်ဆယ့်တစ်။

* ကဗျာသီ
စိတ်ကြည်နူး။
ဉာဏ်စေရာ
ရှာန်ကွန့်မြူး။

* ရေးဆွဲပြီ
ပန်းချီစွမ်း။
ရောင်စုံခြယ်
မမောတမ်း။

* နုပညာ
မွေ့ပျော်ရာ။
ငြိမ်းချမ်းသာ
ခင့်ကမ္ဘာ။

* စာ + ပန်းချီ
ထိုနှစ်လီ။
စွဲငြိပြီ
ရင်ထဲဆီ။

* ရသစုံ
တွေးဖွဲ့ရေး။
ဗဟုစုံ
ဖတ်မှတ်တွေး။

* ရာသက်တိုင်
သည်းစိုင်ထဲ။
ထွက်သက်တိုင်
ရေးခြယ်ဆွဲ။

* နုပညာ
ဝက်ပါ။
စံပျော်ရာ
နိဗ္ဗာန်ပါ။ ။

ခင်ဆွေလှိုင်(ပန်းချီ)

## သတင်းပဒေသာ

### ရန်ပုံငွေ ပေးအပ်ခြင်းနှင့် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၌ ကျေးရွာစာကြည့်တိုက်များအတွက် ရန်ပုံငွေပေးအပ်ခြင်းနှင့် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ပေးခြင်း ဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်တွင် အသက် ၁ နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ပေးခြင်းကို စက်တင်ဘာ ၂ ရက် နံနက် ၇ နာရီက ဟုမ္မလင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသခန်းမဆောင်တွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

စစ်ကိုင်းခရိုင် အဆင့်(၂၅)ကြိမ်မြောက်၊ ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီက စစ်ကိုင်း ပညာရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် သက်ဆိုင်ရာဘာသာရပ်အလိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိခဲ့ကြသည့် ပြိုင်ပွဲဝင်ဝါသနာရှင်များအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### ထင်းစိုက်ခင်းပျိုးထောင်စိုက်ပျိုးခြင်း ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်သစ်တော ဦးစီးဌာနတို့ပူးပေါင်း၍ ကွန်နားကျေးရွာအုပ်စု လွိုင်လင်း ခေတ်မီစံပြကျေးရွာ (Smart Village)ထူထောင်ရေးစီမံကိန်း ကျေးရွာတွင် ထင်းစိုက်ခင်းပျိုးထောင်စိုက်ပျိုးခြင်းကို ယမန်နေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောခရိုင်၊ ကလောမြို့နယ်တွင် ဓနုကိုယ်ပိုင်ခွင့်ရဒေသနှင့် ကလောခရိုင်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက ကလောမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးရုံးဝန်းရှိ အစည်းအဝေးခန်းမတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်၊ ကျေးရွာစာရေးများစုပေါင်း၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ညနေပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရာသက်ပန် ဆွမ်းပဒေသာပင် အလှူငွေပေးအပ်

**မန္တလေး စက်တင်ဘာ ၃**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေ လှူဒါန်းခြင်းပြုလုပ်သည်။




ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသဝ(မွှာစရိယ၊ B.A)အရှင်မြတ်က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောဒနာဟောကြားချီးမြှင့်ပြီး ဖခင်ကြီး ဦးဘသန်း၊ မိခင်ကြီး ဒေါ်အေးရီတို့အား ရည်စူး၍ မန္တလေး ၈၇ လမ်း၊ ၂၇လမ်းနှင့်၂၈လမ်းကြားနေ၊ (သား)ကိုမျိုးခိုင်+မစန်းစန်းဝင်း(မြေး)မောင်ဘုန်းမြတ်အောင်+မအေးသန္တာမျိုး၊ မောင်ဇော်ထက်အောင်(သုခနှစ်ဖြာဆီစက်)မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ်သိန်း ၆၀၊ ဖြည့်စွက်လှူဒါန်းငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ် သိန်း ၇၀ ကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာယကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(ဝဲပုံ)**

ထို့နောက် အလှူရှင် မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိက ဆရာတော်များ သင်တန်းသား၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၀၃၆)**

## ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းရုံးသို့ လက်တွန်းထွန်စက်လှူဒါန်း

**မန္တလေး စက်တင်ဘာ ၃**

မန္တလေးမြို့ တောင်စလင်းတိုက်သစ်ပဓာန နာယက ဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဓဇမဟာရဋ္ဌဂုရု ဦးဆောင်သည့် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်၏ (မန္တလေး)အသင်းရုံးသို့ ဗောဓိငါးထောင်ဥယျာဉ်တော်အတွက် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့ အမှတ်(၂)မြို့သစ်နေ အလှူရှင် ဦးမျိုးမြင့်သိန်း+ဒေါ်ဝင်းဝင်းမင်း (ချင်ယီစိန်ရွှေရတနာဆိုင်)က ငွေကျပ် ၇ သိန်း တန်ဖိုးရှိ လက်တွန်းထွန် စက်တစ်လုံးကို ယမန်နေ့က လာရောက်လှူဒါန်းကုသိုလ်ပြုရာ ဗုဒ္ဓဘာသာသာသနာ ပြန့်ပွားရေးအသင်းရုံး(မန္တလေး)ဥက္ကဋ္ဌ ဦးလှဝင်းနှင့်အဖွဲ့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ကြောင်း သိရသည်။အလှူရှင်များ ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၉၂၅၂၂၊ ၀၉-၄၄၂၀၇ ၄၄၆၆ တို့ကို ဆက်သွယ်နိုင်ကြောင်း သိရသည်။**(အောက်ပုံ)**

**(ကဆ)**




## သက်ကြီးဘိုးဘွားများအတွက် စားသောက်ရေး အဆင်ပြေစေရန် ဆန်နှင့် ကြက်ဥထောက်ပံ့

**ညောင်ဦး စက်တင်ဘာ ၃**

ရန်ကုန်မြို့၊ ဝေမျှခြင်းပရဟိတအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ တောင်ဘီကျေးရွာမှ သက်ကြီးဘိုးဘွားများအတွက် စားသောက်ရေး အဆင်ပြေစေရန် ရည်ရွယ်၍ ယမန်နေ့က ဆန်နှင့် ကြက်ဥများ အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့လှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့ ထောက်ပံ့လှူဒါန်းရာတွင် ရန်ကုန်မြို့ ဝေမျှခြင်း ပရဟိတအဖွဲ့မှ အဖွဲ့ဝင် ဦးဝင်းမင်းထွန်း ဦးဆောင်၍ ပရဟိတအသင်းသားများက ညောင်ဦးမြို့နယ် တောင်ဘီကျေးရွာရှိ အသက် ၇၅ နှစ်အထက် သက်ကြီး ဘိုးဘွား ၈ ဦးအား တစ်ဦးလျှင် ဆန် ၂ ပြည် ၊ ကြက်ဥ ၁၀ လုံးစီ အိမ်တိုင်ရာရောက် ထောက်ပံ့လှူဒါန်းပေးခဲ့သည်။

ရန်ကုန်မြို့ ဝေမျှခြင်း ပရဟိတ၊ ရေလှူအဖွဲ့က ညောင်ဦးမြို့နယ်အတွင်းရှိ ဝင်ငွေနည်းအိမ်ထောင်စုများနှင့် သက်ကြီး ဘိုးဘွားများ စားသောက်ရေး အဆင်ပြေစေရန်အတွက် စေတနာ အလှူရှင်များ၏ ပံ့ပိုးမှုဖြင့် ဆန် ၊ ဆီ၊ ဆား၊ ကြက်ဥ စသည့် အခြေခံစားသောက်ကုန်ပစ္စည်းများနှင့် အလှူငွေများ ထောက်ပံ့ပေးခြင်း၊ ဓီဝိတဒါနအဖြစ် ဆေးဝါးနှင့် အာဟာရဖြည့်စွက်စာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်းတို့ကို စဉ်ဆက်မပြတ် ထောက်ပံ့လှူဒါန်းပေးလျက်ရှိကြောင်း အဆိုပါ ဝေမျှခြင်း ပရဟိတအဖွဲ့မှ အဖွဲ့ဝင် ဦးဝင်းမင်းထွန်းထံက သိရသည်။

**(၄၄၅)**

## မန်းတောင်ခြေဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား တစ်နေ့စာကျွေးမွေး၊ ဆေးပဒေသာပင်လှူဒါန်း

**မန္တလေး စက်တင်ဘာ ၃**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက် ၇၃လမ်း (မန္တလေး-မတ္တရာ-မိုးကုတ်ကားလမ်း)ဘေးရှိ မန်းတောင်ခြေဘိုးဘွားရိပ်သာတွင် ခိုကိုးရာမဲ့သက်ကြီးရွယ်အို ဘိုးဘွားများအား လက်ခံစောင့်ရှောက်ထားရှိသည်။ ဘိုးဘွားရိပ်သာရှိ အဘိုး ၁၄ ဦး၊ အဘွား ၄၆ ဦးအား စေတနာရှင်များက နံနက်စာ၊ နေ့လယ်စာ၊ ညစာများ နေ့စဉ်လာရောက်လှူဒါန်း ကျွေးမွေးလျက်ရှိပြီး ငွေပဒေသာပင်များ လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁ ရက်က မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၄၂လမ်း၊ ရှမ်းပွဲရပ်နေကွယ်လွန်သူ ဘိုးဘွားများနှင့် ဖခင်ကြီး ဦးတိုး+မိခင်ကြီး ဒေါ်တင်တင်ရီတို့အား ရည်စူး၍ သား၊ သမီး၊မြေးများ မိသားစုတို့ ဘိုးဘွားများအား တစ်နေ့စာကျွေးမွေးပြီး ဆေးပဒေသာပင် ငွေကျပ် ၃ သိန်းလှူဒါန်းရာ မန်းတောင်ခြေဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဦးစိုးလွင်နှင့် အုပ်ချုပ်ရေးမှူး ဦးသန်းထွဏ်းတို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်သည်။




မန်းတောင်ခြေ ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများအား နံနက်စာ၊ နေ့လယ်စာ၊ ညစာများ ကျွေးမွေးလှူဒါန်းလိုပါက ဘိုးဘွားများ ထမင်းတစ်နပ် ငွေကျပ် ၁၅၀၀၀၀၊ သံဃာ ၅ ပါးဘိုးဘွားများ ထမင်းတစ်နပ် ငွေကျပ် ၁၈၀၀၀၀၊ ကြက်သားဆန်ပြုတ်၊ ငွေကျပ် ၃၀၀၀၀၊ ကော်ဖီ+ကိတ်မုန့် ငွေကျပ် ၁၂၀၀၀၀ နှုန်းဖြင့် ဖုန်း ၀၉-၂၀၅၈၂၄၇ နှင့် ၀၉-၄၀၅၀၁၄၄၆၆ သို့ ဆက်သွယ် ကျွေးမွေးနိုင်ကြောင်း သိရသည်။

**(ဝဲပုံ)(ကဆ)**

# ဓါတ်နံ့ မိတ်နံ့ ဘေးရန်ပယ်ရှား ရွှေမြို့တော်ဓါတ်တံခါး

လွန်ခဲ့သောလပြည့်နေ့ မွန်းလွဲအချိန်က ဖြစ်၏။ ရွှေမြို့တော်မြောက်ဘက် ကျောက်တော်ကြီးဘုရား၏တောင်ဘက် သုဓမ္မာဇရပ်ထဲသို့ ရောက်သွား၏။ ဇရပ်အတွင်း၌ အဘိုးအို ၄၊ ၅၊ ၆ယောက်တို့သည် ရောက်နေကြ၏။ ကရွတ်ခွေကဲ့သို့ ဝိုင်းဖွဲ့ထိုင်နေကြ၏။ အညိုရောင် ပုဆိုး၊ အဖြူရောင်အင်္ကျီတို့ကို ဝတ်ဆင်ထားကြ၏။ အဘိုးတို့၏ရှေ့၌ ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် ပါးပါးထူထူ စာအုပ်တို့ကိုလည်း တွေ့ရ၏။

အဘိုးတို့သည် တစ်ယောက်၏မျက်နှာကို တစ်ယောက်က ကြည့်နေကြ၏။ ထို့နောက် ရွှေနန်းတော်ကြီးရှိရာသို့ မျက်နှာမူငဲ့စောင်းကြည့်လိုက်ကြ၏။ ထို့နောက် အဘိုးအိုတစ်ယောက်က စကားစတင်ဆို၏။

"အခု မြန်မာသက္ကရာဇ် ၁၃၈၆ခုနှစ် ကဆုန်လပြည့်ကျော် ၆ရက်နေ့က ဒီနန်းတော်ကြီး တည်ဆောက်ပြီးစီးခဲ့တာ နှစ်ပေါင်း ၁၆၅နှစ်တင်းတင်းပြည့်ခဲ့ပြီ ကိုရင်ဖိုးမှိုင်းရဲ့"

"နှစ်ပေါင်း၁၆၅နှစ် ပြည့်သွားပြီ ဆိုတာလောက်တော့ တော်တော်များများက ပြောတတ်ဆိုတတ်ကြတာပေါ့ ကိုကြီးစိန်ညိုရာ တကယ့်အရင်းအမြစ်ကျကျ ပြောပြစမ်းပါဆိုရင်တော့ တစ်ဝန်းခွခွ မပြောတတ်ကြဘူးလေ ဒါကြောင့် ကိုကြီးခိုပုံအနေနဲ့ ပြောပြစေချင်တယ်ဗျာ"

"အင်း… မှတ်မိသမျှ ပြောပြရမှာပေါ့ ကိုကြီးကြွက်ချီးရာ၊ ဒီနန်းတော်ကြီးကို ဦးစီးဦးကိုင်လုပ်ပြီး ဆောက်လုပ်ခဲ့တဲ့လူရဲ့နာမည်က မောင်မှိုလို့ခေါ်တယ်၊ မောင်မှိုရဲ့အဖေက ဘိုးတော်ဘုရား(ခေါ်)ဗဒုံမင်းရဲ့ ရွှေတိုက်စိုးကြီးဦးတော်ဖြစ်ပါတယ်၊ သူ့ရဲ့အမေနာမည်ကတော့ မေ့သွားပြီ၊ ညောင်အုပ်မင်းကြီးဟာ မောင်မှိုရဲ့အစ်ကိုဖြစ်ပါတယ်၊"


"မောင်မှိုဟာ ကံထူးသူလို့ဆိုရမှာပဲ၊ ဘိုးတော်ဘုရား(ခေါ်)ဗဒုံမင်းနန်းစံနေစဉ် သားတော်ရဲ့အိမ်ရှေ့မိဖုရားက သားဦးတစ်ယောက်ဖွားမြင်ခဲ့တယ် အဲ့ဒီသားဦးလေး ခုနစ်ရက်မြောက်ရောက်တဲ့အခါ အဘိုး ဘိုးတော်ဘုရား(ခေါ်)ဗဒုံမင်းက မြပုခက်တင်မင်္ဂလာပြုလုပ်ခဲ့တယ် သူ့မြေးအရွယ်တူ မှူးမတ်များရဲ့သားငယ်တွေကိုလည်း ကစားဖော်အဖြစ် လက်ဖွဲ့ပေးခဲ့တယ် အဲ့ဒီလက်ဖွဲ့အပေးခံရတဲ့ ကစားဖော်ကလေးတွေထဲမှာ မောင်မှိုလည်းပါခဲ့တယ်"

"ဒီဘိုးတော်ဘုရား(ခေါ်)ဗဒုံမင်းရဲ့မြေးကလေးဟာ အရွယ်ရောက်လာတော့ စစ်ကိုင်းမင်းဖြစ်လာခဲ့တယ်၊ စစ်ကိုင်းမင်းဟာ သူနဲ့ကစားဖော်ဖြစ်တဲ့ မောင်မှိုကိုလည်း လက်ဖက်တော်ခေါင်း၊ အမြောက်ဝန်၊ မြတုံးလှေတော်အုပ်၊ ရွှေခဲလှေတော်အုပ်၊ လက်ဝှေ့သတ်အုပ်ရာထူးငါးမျိုးတို့ကို ပေးအပ်ချီးမြှင့်ခဲ့တယ်"

"စစ်ကိုင်းမင်းရဲ့ညီ သာယာဝတီမင်းလက်ထက်ရောက်တော့ မောင်မှိုဟာ ပန်းပဲမင်းကြီးရာထူးကို ရပြန်တယ်၊ ပြီးတော့ အဏ္ဏဘတ်မြင်းဝန်၊ ပုဏ္ဏားဝန်၊ ကသည်းမြင်းဝန်၊ ကွမ်းရေခေါင်းရာထူး၊ အတွင်းဝန်ရာထူး ငါးမျိုးတို့ကိုလည်း ချီးမြှင့်ခံခဲ့ရပါတယ်၊"

"သားတော်ပုဂံမင်းလက်ထက်ရောက်တော့ ဦးမှိုဟာ အတွင်းဝန်ရာထူးနဲ့ ပတိမ်းနဲ့မဖဲနှစ်မြို့ကို စားခဲ့ရပါတယ်"

"မင်းတုန်းမင်းလက်ထက်ရောက်တော့ ဦးမှိုဟာ လွှတ်တော်ဝန်ကြီး၊ မြတောင်မြို့စား၊ သေနတ်ဝန်ကြီး၊ သတိုးမင်းကြီးမင်းလှမဟာကျော်သူဘွဲ့များကို ပေးအပ်ခံယူခဲ့ရပါတယ်"




"ဦးမှိုဟာ အမရပူရက မန္တလေးကို ထီးနန်းပြောင်းပြီး ရတနာပုံနေပြည်တော် စတင်တည်ဆောက်ချိန်ကစပြီး ပြီးစီးသည့်တိုင်အောင် ဆောက်လုပ်ခဲ့ရတဲ့ ပန်းပဲမင်းကြီးပါပဲ၊ ပန်းပဲမင်းကြီးဦးမှိုဟာ မင်းလေးဆက်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့ရတဲ့ ပုဂ္ဂိုလ်ထူးကြီးတစ်ယောက်ဖြစ်ပါတယ်"

"မင်းတုန်းမင်းကြီးက ပန်းပဲမင်းကြီးဦးမှိုကို ထူးထူးခြားခြား ခိုင်းခဲ့တာရှိတယ်၊ မန္တလေးတည်ဆောက်တဲ့အခါ သတ္တဌာနလို့ခေါ်တဲ့ (၇)ဌာနကို တစ်ပြိုင်တည်းပန္နက်တင်ရမယ်၊ (၇)ဌာနလုံးကြားအောင် အမြောက်သံပေးရမယ်၊ အဲဒီ(၇)ဌာနကတော့ (၁) နန်းမြို့ကြီး၊ (၂) ကျုံး၊ (၃) မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား၊ (၄) သိမ်တော်၊ (၅) မဟာအတုလဝေယာန်ကျောင်း(ခေါ်)အတုမရှိကျောင်းတော်ကြီး၊ (၆) ပိဋကတ်တိုက်တော်နှင့် (၇) သုဓမ္မာဇရပ်တော်တို့ ဖြစ်ကြပါတယ်၊ ကိုင်း ကိုကြီးချမ်းအေးရေ ရွှေမြို့တော်ကြီးရဲ့ဓါတ်တွေ နံ့တွေအကြောင်းတော့ မရှင်းမလင်းဖြစ်နေပြီ ကိုကြီးချမ်းအေးကပဲ လင်းစမ်းပါဦးဗျာ"

"ဒီလိုလေ ကိုကြီးဘစောရဲ့ မြန်မာ့ရာသီဥတုမှာ နွေ၊ မိုး၊ ဆောင်းလို့ သုံးမျိုးရှိတယ်မို့လား ဒါကိုရည်ရွယ်ပြီးတော့ နန်းတော်ကြီးကို ကျုံးသုံးတန်နဲ့ ကာရံထားတယ်။ တစ်နှစ်မှာလပေါင်း တစ်ဆယ့်နှစ်လရှိလို့ တံခါးပေါက်ပေါင်းက (၁၂)ပေါက်ဖောက်ထားတယ် လတစ်လမှာ ဥပုသ်နေ့က လေးရက်ရှိတယ် (၁၂)လဆိုတော့ ဥပုသ်နေ့ပေါင်းက (၄၈)ဥပုသ်ရှိတယ် ဒါကြောင့် ပြာသာဒ်ဆောင် (၄၈)ဆောင်ရှိတာပဲ တစ်နှစ်မှာရက်ပေါင်း (၃၆၅)ရက်ရှိလို့ ရဲခိုပေါင်းကို (၃၆၅)ခုလုပ်ထားတာပဲ"

"ဒီနေရာမှာ တံခါး(၁၂)ပေါက်ရဲ့အကြောင်းကို ဆက်ပြောချင်တယ် တံခါးနာမည်တွေကို ဓါတ်တံခါးအတွင်းမိတ်တံခါး အပြင်မိတ်တံခါးမိအောင် နာမည်တွေပေးခဲ့တယ် ဒါကိုက ပန်းပဲမင်းကြီးဦးမှိုရဲ့ ပညာစုံတတ်ကျွမ်းမှုလို့ ပြောရမှာပဲ အရှေ့အရပ်က အလယ်တည့်တည့်တံခါးကြီးကို အင်္ဂါဓါတ်မိအောင် ဦးထိပ်တံခါးလို့ နာမည်ပေးခဲ့တယ် တောင်ဘက်က အလယ်တည့်တည့် တံခါးကြီးကိုတော့ ဂဇ္ဇောဓါတ်မိအောင် ကြေးမုံတံခါးလို့ နာမည်ပေးခဲ့တယ် နောင်းလူတွေက ကြေးမုံနာမည်ဖျောက်ပြီး ကျော်မိုးတံခါးလို့ ခေါ်ကြသေးတယ် ဓါတ်ကိုဖျက်ပြီး ပညာမဲ့တဲ့လူတွေကတော့ ကြေးမုံတံခါးကို မင်္ဂလာတံခါးလို့ ယောင်တည်းယောင်တာ တောက်တီးတောက်တဲ့ ခေါ်ခဲ့ကြသေးတယ် အနောက်ဘက်က အလယ်တည့်တည့် တံခါးကိုတော့ စရေဓါတ်မိအောင် စည်ရှည်တံခါးလို့ နာမည်ပေးခဲ့တယ် ရှည်ကိုရှင်လို့အသံပြောင်းပြီး စည်ရှင်တံခါးလို့လည်း ခေါ်ကြသေးတယ် ဘာမသိညာမသိ လူတွေကတော့ တရားစီရင်တဲ့လူကြီးကိုစွဲပြီး စက်ရှင်တံခါးလို့တောင် ခေါ်လိုက်ကြသေးတယ် မြောက်ဘက်ကအလယ်တည့်တည့် တံခါးကိုတော့ ဝံသေဓါတ်မိအောင် လေးသိန်းတံခါးလို့ အမည်မှည့်ပေးခဲ့ပါတယ်"

"အင်္ဂါဓါတ်ရဲ့မြောက်ဘက်က တံခါးကိုတော့ အတွင်းမိတ်အောင်ပဓါတ်မိအောင် ဦးမိတ်တံခါးလို့ နာမည်ပေးခဲ့တယ် ဂဇ္ဇောဓါတ်ရဲ့အရှေ့ဘက်က တံခါးကိုတော့ အတွင်းကုလာဓါတ်မိအောင် ကဲလွန့်တံခါးလို့ အမည်ပေးခဲ့တယ် စရေဓါတ်ရဲ့တောင်ဘက်က တံခါးကိုတော့ အတွင်းဆွေသားဓါတ်မိအောင် စည်သာတံခါးလို့ အမည်ပေးခဲ့တယ် ဝံသေဓါတ်ရဲ့အနောက်ဘက်က တံခါးကိုတော့ အတွင်းနောင်ရင်းဓါတ်မိအောင် ထင်ရှားတံခါးလို့ အမည်ပေးခဲ့တယ်"

"အင်္ဂါဓါတ်ရဲ့တောင်ဘက်က တံခါးကိုတော့ အပြင်ဦးသာဓါတ်မိအောင် ဦးဟိတ်တံခါးလို့ အမည်ပေးခဲ့တယ် ဂဇ္ဇောဓါတ်ရဲ့အနောက်ဘက်က တံခါးကိုတော့ အပြင်စိန်ပန်းဓါတ်မိအောင် စည်ပင်တံခါးလို့ အမည်ပေးခဲ့ပါတယ် စရေဓါတ်ရဲ့မြောက်ဘက်က တံခါးကိုတော့ အပြင်ဒန်းလှဓါတ်မိအောင် ထင်လွှားတံခါးဟု အမည်ပေးခဲ့ပါတယ် ဝံသေဓါတ်ရဲ့အရှေ့ဘက်တံခါးကိုတော့ အပြင်ကိုရှာ ဓါတ်မိအောင် ကျွန်းရှင်တံခါးလို့ အမည်ပေးခဲ့ပါတယ်"

"လင်္ကာသုံးပုဒ်ကို တန်းစီပြီး ဆိုပြပါ့မယ် အင်္ဂါ ဂဇ္ဇော စရေ ဝံသေဓါတ်ဖက်ပေ။ အောင်ပ· ကုလာ· ဆွေသား · နောင်ရင်းအတွင်းမိတ်ချင်း၊ ဦးသာ စိန်ပန်း ဒန်းလှကိုရှာ အပြင်မိတ်သာ ကဲ ဒါလောက်ဆိုရင် မှတ်မိလောက်ကြပါပြီ"

အဘိုးတို့၏စကားဝိုင်းက ရပ်သွား၏။ နန်းတော်ကြီးစီသို့ စူးစိုက်ကြည့်မိလိုက်၏။ အော်…ပညာရှိ ပန်းပဲမင်းကြီးဦးမှိုသာ ရှိမည်ဆိုက ခါးထောက်၍ ကြည့်နေမည် ထင်မိ၏။

**မောင်လောက**

# လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ခရိုင်အဆင့်နည်းပြ သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

**မင်းဘူး စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့၌ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ခရိုင်အဆင့်နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မင်းဘူးခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးဦးထွန်းထွန်းဝင်းက ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ် အကြောင်းအရာ သန်းခေါင်စာရင်း ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် မြေပြင်သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံတော်အဆင့်သတ်မှတ်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အကြောင်းအရာများ ပြည့်စုံမှန်ကန်စွာ ဆောင်ရွက်ရမှာဖြစ်သည့်အတွက် အလေးအနက်ထားပြီး ဆောင်ရွက်ကြစေလိုကြောင်း အဖွင့်အမှာစကား ပြောကြားကာ သင်တန်းနည်းပြနှင့် သင်တန်းသား၊ သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်ရှင်းလင်း တင်ပြသည်။




မင်းဘူးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ခရိုင်အဆင့်နည်းပြသင်တန်းတွင် မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းနည်းပြဆရာများအဖြစ်ဆောင်ရွက်ကြမည့် သင်တန်းသား၊ သင်တန်းသူ ၂၇ဦး တက်ရောက်ခဲ့ကြောင်း၊ အဆိုပါသင်တန်းကို စက်တင်ဘာ ၃ရက်မှ၁၄ရက်အထိ သက်ဆိုင်ရာဘာသာရပ်များအလိုက် စနစ်တကျ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ခရိုင်အဆင့်နည်းပြသင်တန်းတက်ရောက်ပြီးစီးသော နည်းပြဆရာ၊ ဆရာမများက သက်ဆိုင်ရာမြို့နယ်များအလိုက် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေး မြို့နယ်အဆင့်သင်တန်းများကို စက်တင်ဘာ၁၇ရက်မှ စတင်ပြီး ဆင့်ပွားသင်တန်းများ ဖွင့်လှစ်၍ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း အဆိုပါ ဦးစီးဌာနမှ သိရသည်။ (ဝဲပုံ)

(၅၀၀)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Wang Yibo ကို တရုတ်ပြည်၏ ကျောက်စိမ်းရတနာဟု ဆို



တရုတ်အနုပညာရှင် ဝမ်ရိဘိုသည် ကိုယ်ချင်းစာတရားပြည့်ဝပြီး ပရဟိတစိတ်ရှိသူ ဖြစ်၍ တရုတ်ပြည်၏ ကျောက်စိမ်းရတနာဟု သတ်မှတ်ခံရသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဝမ်ရိဘိုက သူ့ကို ဗဟိုပြု၍ သူတစ်ပါးကို ချိန်ထိုးကြည့်သူမဟုတ်ဘဲ သူ့ကြောင့် သူတစ်ပါးထိခိုက်နစ်နာမှု၊ ပင်ပန်းမှုများကို စာနာတတ်၊ ကိုယ်ချင်းစာတတ်သူမျိုးဖြစ်ရာ သူမီးရှူးတိုင် ကိုင်ဆောင်ချိန် ရဲအင်အားများစွာ သုံးရခြင်းကို အားနာကြောင်း ပြောကြားထားသည်။

ဝမ်ရိဘို၏ မွေးရပ်မြေ ရှေဘောဖြစ်စဉ်က ငွေအားသာမက လူကိုယ်တိုင်ရေထဲဆင်းကူညီကာ ခရီးစဉ်ကို တိတ်ဆိတ်စွာ ပြီးဆုံးခဲ့သူ၊ အလုပ်ချိန်ကို နောက်မကျသူ၊ အစားအစာကို ချေးမများသူ ဖြစ်သည်။

ကိုဗစ်ကာလတွင် ရှေ့တန်းမှ ပါဝင်ခဲ့ပြီး သူ့မျက်စိရှေ့တွင် လူသားအားလုံးတန်းတူထားကာ "Put Yourself into his/ her shoes" ဆိုသည့်စကားနှင့်အညီ ကျင့်ကြံနေထိုင်၍ တရုတ်ပြည်၏ ကျောက်စိမ်းရတနာအဖြစ် ပရိသတ် သတ်မှတ်ခဲ့ကြသည်။

(SKY)




## SNSD မှ Yiri က The Zone: Survival Mission တွင် ပါဝင်ထား

ကေပေါ့ပ်အဖွဲ့ အက်စ်အင်န်အက်စ်ဒီမှ ယူရီသည် The Zone: Survival Mission Season-3 တွင် ပါဝင်ထားသည့် ပိုစတာထွက်ပေါ်လာသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အစီအစဉ်တွင် The 2nd Bluedragon Series Award ဆုပေးပွဲတွင် ဆုရရှိထားကြသည့် ဒက်စ်နှင့် ကင်ဒေါင်ဟွမ်လည်း ပါဝင်ထားပြီး သစ်ကုလားအုတ် လီကွမ်ဆူမှာ အနုပညာလုပ်ငန်းများကြောင့် အပိုင်းသုံးမှ ပါဝင်နိုင်ခဲ့သည်။

အက်စ်အင်န်အက်စ်ဒီမှ ယူရီမှာ နာမည်ကြီးအနုပညာရှင်များနှင့်အပြိုင် ယူဂျေဆွတ်၊ လီကွမ်ဆူတို့နှင့်အတူ ပါဝင်ထားပြီး Zone Buzz ကိုဖြတ်ကျော်ကြမည်ဖြစ်သည်ကို ဒစ်စနေးပလပ်စ်က ထုတ်လွှင့်မည်။

(SKY)

## Nam YoonSu က ဖခင်အတွက် ကျောက်ကပ်တစ်ခြမ်း လှူထား

ကိုရီးယားအနုပညာရှင် မင်းသားနမ်ယွန်ဆုသည် ဖခင်အတွက် ကျောက်ကပ်တစ်ခြမ်း လှူဒါန်းပေးထားပြီး ကျန်းမာရေးကောင်းမွန်စွာရှိနေသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

နမ်ယွန်ဆုသည် ကိုရီးယားရာဇဝင်ဇာတ်ကားများတွင် ဇာတ်ရံအဖြစ် ပါဝင်ထားပြီး ပရိသတ်အားပေးမှု ရရှိထားကာ ဖခင်ဖြစ်သူအတွက် သူ၏ကျောက်ကပ်တစ်ခြမ်းကို ပေးအပ်လှူဒါန်းခဲ့သည်။



ဆေးရုံတွင် နမ်ယွန်ဆုတက်ရောက်နေစဉ်အတွင်း မိသားစုဝင်များက စိုးရိမ်တကြီးစောင့်ကြည့်ဂရုစိုက်ပေးခဲ့ကြရာမှ ကျန်းမာရေးပြန်လည်ကောင်းမွန်လာပြီဖြစ်သည်။

မကြာမီလက်ခံထားသည့်ဇာတ်ကားများကို ပြန်လည်ရိုက်ကူးမည်ဖြစ်သည်ဟု ကြေညာထားသည့် သူ၏ အေဂျင်စီကို ပရိသတ်များက စိုးရိမ်ပိုနေကြကာ ကျန်းမာစွာ အနားယူရန် တောင်းဆိုထားကြသည်။

(SKY)

၀-၀-၀-၀-၀-၀

၀-၀-၀-၀-၀

## သုံးမျိုးစပ်သွေးတိုးရောဂါကာကွယ်ဆေး တစ်လအတွင်း အစွမ်းအာနိသင်ပြမည်

သွေးတိုးရောဂါရှိသူများအတွက် သွေးဖိအားကို ထိန်းညှိပေးနိုင်ရန် ဆေးဝါးအမျိုးမျိုးသောက်သုံးနိုင်သည်။

နောက်ပိုင်းပေါ်ထွက်နေသော သွေးတိုးရောဂါအတွက် သောက်ဆေးများကို နှစ်မျိုးစပ်သုံးမျိုးစပ်ပုံစံဖြင့် တွေ့လာရသည်။

ယင်းကဲ့သို့ ပေါင်းစပ်ထားသော သွေးတိုးထိန်းညှိဆေးများအနက် ဂျီအမ်အာအိတ်ခ်စ်၂ဟု သင်္ကေတပြုထားသော သုံးမျိုးစပ်ဆေးကို နိုင်ဂျီးရီးယားနိုင်ငံတွင် လက်တွေ့စမ်းသပ်ခဲ့ရာ တစ်လအတွင်း သွေးတိုးရောဂါကို ထိန်းချုပ်နိုင်ကြောင်း လေ့လာတွေ့ရှိခဲ့သည်။

ထိုတွေ့ရှိချက်ကို ၂၀၂၄ခုနှစ် ဥရောပနှလုံးရောဂါညီလာခံ၌ ရှင်းလင်းသရုပ်ပြတင်ဆက်ခဲ့ကြောင်းသိရသည်။

SCI



## Runway ရုပ်ရှင်တွင် ဝါရင့်သရုပ်ဆောင်နှစ်ဦး မြင်တွေ့ရ

အိန္ဒိယအနုပညာလောကမှ ဝါရင့်သရုပ်ဆောင်နှစ်ဦးဖြစ်သည့် အမီတာဘဂျမ်းနှင့် အဂျေးလ်ဒေဝမ်တို့ ပါဝင်ထားသည့်ရုပ်ရှင်မှာ Runway ဖြစ်ပြီး ပရိသတ်အားပေးမှုမြင့်မားစွာ ရရှိထားသည်။

ဖြစ်ရပ်မှန်ဇာတ်လမ်းကို အခြေခံရိုက်ကူးထားသည့် အဆိုပါ ရုပ်ရှင်တွင် လေယာဉ်မှူးတစ်ဦးရာသီဥတုဆိုးရွားလွန်း၍ မတော်တဆဖြစ်ခဲ့ရာမှ စုံစမ်းစစ်ဆေးမေးမြန်းခံရကာ ဝေဟင်ပေါ်မှ ထိတ်လန့်ဖွယ်မြင်ကွင်းကို မြင်တွေ့ရင်ဆိုင်ခဲ့ကြပုံဖြစ်သည်။




လေယာဉ်မှူးခံယူချက်မှာ မတော်တဆမှုတိုင်းတွင် ဘက်နှစ်ခုရှိပြီး ဘာဖြစ်တာလဲနှင့် ဘယ်လိုဖြစ်တာလဲဟူ၍ ဖြစ်ကာ စုံစမ်းစစ်ဆေးရေးမှူးက အမှားလုပ်ပြီးသွားလျှင် လုပ်နိုင်တာသုံးခုရှိပြီး အမှားကို ဝန်ခံမည်၊ အမှားကမှ သင်ယူမည်၊ အမှားကို ဆင်ခြင်မည်ဟူ၍ ဖြစ်သည်။

(SKY)

## Ahn Jae Wook က US တွင် အရေးပေါ်ဦးနှောက်ခွဲစိတ်မှုအကြောင်း ထုတ်ဖော်ပြောကြား

အနုပညာရှင်အန်ဂျေဝုဒ်သည် အသက် ၅၄နှစ်အရွယ်နှင့် သူ၏ သက်လတ်ပိုင်းစိတ်ကျရောဂါကို ပထမဆုံးစိတ်ပိုင်းဆိုင်ရာဆွေးနွေးမှုပြုလုပ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် ဦးနှောက်ခွဲစိတ်မှု ပြုလုပ်ခဲ့ကြောင်းကို ချန်နယ်အေ၏ Dad is a Flower Boy အစီအစဉ်တွင် ထုတ်ဖော်ပြောကြားသွားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အန်ဂျေဝုဒ်က ပညာရှင်ထံတွင် သူ့ဘဝ၏ မခံမရပ်နိုင်သည့် အလေးချိန်နှင့်မူလဇစ်မြစ်ကို ရှာဖွေလိုကြောင်း၊ စိတ်ကျန်းမာရေးအကြောင်း စိတ်ဝင်စားသော်လည်း ဆေးရုံသွားရမည်ကို ကြောက်၍ စိတ်ပညာရှင်နှင့်တိုင်ပင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ လွန်ခဲ့သောဆယ့်ငါးနှစ်က စိတ်ကျရောဂါ ပြင်းထန်စွာ ခံစားခဲ့ရ၍ ခရီးထွက်ပြီး အလုပ်များရပ်နားခဲ့သော်လည်း စိန်ခေါ်မှုအသစ်များ ကြုံခဲ့ရပြီး သူက အလွန်ကောင်းသည့် ပတ်ဝန်းကျင်တွင် ကြီးပြင်းခဲ့ရ၍ မိသားစုအတွက် တာဝန်ရှိသည်ဟု စိတ်က မလွတ်မြောက်နိုင်ဖြစ်ကာ အဆုံး၌ ဦးနှောက်ခွဲစိတ်၍ နာကျင်စရာအတိတ်ကို ဖျက်ပစ်ရန် တောင်းဆိုခဲ့ရာ စိတ်ရောဂါကုဆရာဝန်များ စစ်ဆေးတွေ့ရှိချက်နှင့် အန်ဂျေဝုဒ်စိတ်ပိုင်းဆိုင်ရာအခြေအနေကို ပရိသတ်စောင့်ကြည့်နေကြသည်။



(SKY)

## ဗြိတိန်သရုပ်ဆောင် Benedict Cumberbatch ဘဝကို အေးချမ်းစွာ ဖြတ်သန်းနေ

ဗြိတိန်သရုပ်ဆောင်အော်စကာ ဆန်ခါတင်စာရင်းဝင် အနုပညာရှင် ဘန်ဒစ်ကူဘာဘတ်ချ်သည် ဘဝကို အေးဆေးစွာ ဖြတ်သန်းနေသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘန်ဒစ်ကူဘာဘတ်ချ်ကို Doctor Strange နှင့် Sherlock Homes စီးရီးရုပ်ရှင်များနှင့်လူသိများခဲ့ပြီး ၁၉၇၆ ခုနှစ် ဇူလိုင် ၁၉ ရက်ဖွားဖြစ်၍ အသက် ၄၈နှစ်ရှိပြီ ဖြစ်သည်။

၁၉၉၈ ခုနှစ်တွင် အနုပညာလောကသို့ စတင်ဝင်ခဲ့ပြီး ရုပ်ရှင်ဇာတ်ကားပေါင်း ၆၀ ရိုက်ကူးထားကာ ၂၀၁၅ ခုနှစ်တွင် လန်ဒန်သရုပ်ဆောင်၊ အဆိုတော် ဆိုဖီဟန်တာနှင့်လက်ထပ်၍ ကလေးသုံးဦးနှင့် ဘဝကိုအေးချမ်းစွာဖြတ်သန်းနေသူဖြစ်သည်။(SKY)



## ကျောက်ဆည်တက္ကသိုလ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဂုဏ်ပြုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ တောမကျေးရွာ၊ ကျောက်ဆည်တက္ကသိုလ် (၂၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲနှင့် ၂၀၂၃-၂၀၂၄ပညာသင်နှစ်အတွင်း ကျင်းပခဲ့သော အထိမ်းအမှတ်ပြပွဲ၊ ပြိုင်ပွဲ၌ ထူးချွန်ဆု ရရှိခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါတက္ကသိုလ်ရှိ ဇကရာဇ်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာရီရီဦးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီးနောက် ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ကျောက်ဆည်တက္ကသိုလ် (၂၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲနှင့် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်အတွင်း ကျင်းပခဲ့သော အထိမ်းအမှတ် ပြပွဲ၊ ပြိုင်ပွဲ၌ ထူးချွန်ဆုရရှိခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြသည်။ ၎င်းနောက် ကျောင်းသား၊ ကျောင်းသူများက တက်ရောက်လာကြသူများအား တေးသရုပ်ဖော် အကအလှများဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

အခမ်းအနားသို့ ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ကထိကများ၊ နည်းပြ၊ သရုပ်ပြ ဆရာ၊ ဆရာမများနှင့် နေ့သင်တန်း ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ကျော်စွာ(စဉ့်ကိုင်)**

## နွားနှင့် ဆိတ် မေထုန်မဲ့ သားစပ်သင်တန်းဖွင့်ပွဲ ကျင်းပ

**သရက် စက်တင်ဘာ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန(ရုံးချုပ်)မှ ကြီးမှူးဖွင့်လှစ်သည့် နွားနှင့် ဆိတ် မေထုန်မဲ့ သားစပ်သင်တန်း(၃/၂၀၂၄/မက)ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃ ရက်က သရက်မြို့နယ် တောဇခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့နယ် ခြောက်ခုမှ သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက သင်တန်းဖွင့်အမှာစကား ရှင်းလင်းပြောကြားပြီး မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခေတ္တတိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာအောင်မင်းနှင့် ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာမင်းညွန့်ဦးတို့က သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်ကြားပို့ချမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သရက်ခရိုင် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနက ဖွင့်လှစ်သည့် နွားနှင့်ဆိတ် မေထုန်မဲ့ သားစပ်သင်တန်း(၃/၂၀၂၄/မက)တွင် ခရိုင်အတွင်းမှ မွေးမြူရေးနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဝန်ထမ်းများနှင့် ဒေသခံ အခြေခံတိရစ္ဆာန် ကျန်းမာရေး လုပ်သားသင်တန်းသားများဖြင့် သရက်မြို့နယ်မှ ၂၀ ဦး၊ မင်းတုန်းမြို့နယ်မှ ၁၅ ဦး၊ ကံမမြို့နယ်မှ ၂၁ ဦးနှင့် မင်းလှမြို့နယ်မှ ၁၆ ဦး၊ အောင်လံမြို့နယ်မှ ၁၅ ဦးနှင့် ဆင်ပေါင်ဝဲမြို့နယ်မှ ၁၅ ဦး၊ စုစုပေါင်း သင်တန်းသား ၁၀၂ ဦး တက်ရောက်ခဲ့သည်။

အဆိုပါ သင်တန်းတွင် မေထုန်မဲ့ သားစပ်လုပ်ငန်းသမိုင်း၊ အမမျိုးပွားအင်္ဂါခန္ဓာဗေဒနှင့် ဇီဝကမ္မ၊ နွားမျိုးနှင့် ဆိတ်မျိုးများအကြောင်း၊ မြိုင်သံသရာနှင့် မြိုင်စစ်ဆေးခြင်း၊ မျိုးပွားမှုဆိုင်ရာရောဂါများ၊ အမမျိုးပွားအင်္ဂါစမ်းသပ်ခြင်း၊ တိရစ္ဆာန်ကိုင်တွယ်ထိန်းချုပ်ခြင်း၊ သန္ဓေအောင်မြင်မှုကို အကျိုးသက်ရောက်စေသောအချက်များ၊ ဇီးစမ်းသပ်ခြင်း၊ မေထုန်မဲ့ သားစပ်ခြင်း(လက်တွေ့)၊ မျိုးနွားမွေးမြူစောင့်ရှောက်ခြင်း၊ မျိုးပွားမှုဆိုင်ရာ အဟာရဗေဒ၊ မေထုန်မဲ့ သားစပ်ကိရိယာပြင်ဆင်ခြင်းနှင့် မျိုးရည်ခဲချောင်းအား သိုလှောင်ထိန်းသိမ်းခြင်း၊ နွားမျိုးများကို မျိုးမြှင့်တင်စမ်းသပ်ခြင်း၊ မေထုန်မဲ့ သားစပ်ခြင်းဆိုင်ရာနည်းလမ်းများနှင့် ဌာန၏လုပ်ငန်းဆောင်ရွက်ချက်များ၊ နွားများ၊ ဆိတ်များနှင့် ပတ်သက်သော ဘာသာရပ်များကို စက်တင်ဘာ ၃ ရက်မှ ၇ ရက်အထိ ငါးရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

**(အောက်ဝဲပုံ)**

**ဇော်ထက်(သရက်)**






## လူငယ်နှင့် စာဖတ်ခြင်းဆိုင်ရာ အသိပညာပေး Talk Show ကျင်းပ

**ငဖဲ စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်ခန်းမတွင် ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့် အလေ့အထဖြစ်ပေါ်စေရန်နှင့် စာဖတ်ရိန်မြှင့်တင်ရန်ရည်ရွယ်၍ လူငယ်နှင့် စာဖတ်ခြင်းဆိုင်ရာ အသိပညာပေး Talk Show ကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

ဆွေးနွေးပွဲတွင် ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက စာပေမြင့်မှ လူမျိုးတင့်မည်၊ စာအုပ်စာပေလူ့မိတ်ဆွေဟူသောစကားပုံနှင့်အညီ လူငယ်လူရွယ်များ အသိပညာဗဟုသုတတိုးပွားရန်အတွက် ကျောင်းစာသာမက သုတ၊ ရသ၊ စာအုပ်စာပေများကိုလည်း လေ့လာဖတ်ရှုဖို့ လိုအပ်ကြောင်း၊ သို့မှသာ စာပေက ရရှိသည့် အသိတရားဖြင့် မိမိဘဝကို တိုးတက်မြင့်မားအောင် လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်းပြောကြားသည်။ စာဖတ်ခြင်း အလေ့အကျင့်ရရှိစေရန် ဆောင်ရွက်ရမည့် နည်းလမ်း(၆)မျိုးနှင့် ဦးစီးအရာရှိ ဒေါ်ရွှေရည်ဝင်းကျော်(တွဲဖက်တာဝန်)က စာဖတ်ရာတွင် ပညာဗဟုသုတတိုးပွားရန်နှင့် အတွေးအခေါ်ရင့်သန်စေရန်ဟူသော ရည်ရွယ်ချက်နှစ်မျိုးရှိကြောင်း၊ ပညာဗဟုသုတမရှိ လျှင် မိမိတို့၏ သက်ဆိုင်ရာလုပ်ငန်းကို တိုးတက်ကောင်းမွန်အောင်လုပ်နိုင်ဖို့ ခဲယဉ်းပြီး စိတ်ကူးဉာဏ်အတွေးအခေါ် ရင့်သန်ခြင်းမရှိပါလျှင်လည်း လူ့လောကတွင် တိုးတက်ရန် ခဲယဉ်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လိမ္မာရေးခြားရှိပြီး ဗဟုသုတကြွယ်ဝစေရန်အတွက် စာဖတ်ခြင်းအလေ့သည် အလွန်အရေးပါ အရာရောက်ကြောင်းနှင့် စာဖတ်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို အသိပညာပေး ဆွေးနွေးပြောကြားသည်။

ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် မိဘပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန်အတွက် အသိပညာပေး Talk Show အစီအစဉ်များ ရိုက်ကူး၍ Online မှတစ်ဆင့် လစဉ်ပုံမှန် ထုတ်လွှင့်တင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

**မယု(ငဖဲ)**

## မတ်ပဲများအား ပဲပင်ပေါက်ပြုလုပ်ရောင်းချသူများ နေ့စဉ်ဝင်ငွေရ အဆင်ပြေလျက်ရှိ

**ကျောက်ဆည် စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ရန်ပုံနှစ်ကျေးရွာတွင် မိသားစု အပိုဝင်ငွေရရှိရေး မတ်ပဲများဝယ်ယူ၍ ပဲပင်ပေါက်ပြုလုပ်ရောင်းချသူများ နေ့စဉ်ဝင်ငွေရပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

ပဲပင်ပေါက်ပြုလုပ်ရောင်းချခြင်းများနှင့်ပတ်သတ်၍ ပဲပင်ပေါက် ပြုလုပ်ရောင်းချသည့် ရန်ပုံနှစ်ကျေးရွာမှ ဒေါ်ငွေးမြင့်က အောင်မြင်သည့် မတ်ပဲများ ရွေးချယ်သန့်စင်၍ ၉ နာရီခန့်ကြာသည့်တိုင်အောင် မြေအိုးများ၌ ရေစိမ်ထားရကြောင်း၊ ထိုသို့ ရေစိမ်ထားခြင်းဖြင့် ပဲစေ့အခွံများ ပွလာပြီး အညှောင့်ဖောက်သည့် တောင်းအတွင်းသို့ ပြောင်းရွှေ့ထည့်ကာ ရေစိုအဝတ်ဖြင့် လေလုံစွာအုပ်ထားရပြီး ပဲစေ့များ အညှောင့်ပေါက်မြန်စေရန် ဖုံးအုပ်ထားသည့် အဝတ်များကို ဖယ်ရှားပြီး တစ်နေ့ သုံးကြိမ် ရေဖျန်းပေးရကြောင်း၊ ထိုသို့ လေးရက်အကြာ ရေဖျန်းခြင်းများ ပြုလုပ်



ပြီးပါက ရောင်းတန်းဝင် ပဲပင်ပေါက်များ ရရှိကြောင်း ပြောပြသည်။

ပဲပင်ပေါက်များ ရောင်းချရာတွင် အညှောင့်ပေါက် ပဲပင်များအား တိုက်ရိုက်ပြုလုပ်ရောင်းချခြင်းများ ပြုလုပ်နိုင်သည့်အပြင် စဉ့်အိုးများတွင် အချဉ်တည်ပြီး ပြုလုပ်ရောင်းချခြင်းများလည်း ရှိကြောင်း၊ မတ်ပဲတစ်ပြည် ဝယ်ယူ၍ ပဲပင်ပေါက်ပြုလုပ်ပြီး ရောင်းချပါက အမြတ်ငွေကျပ် ၄၅၀၀ ခန့် ရရှိပြီး အချဉ်တည်၍ ပြုလုပ်ကာရောင်းချပါက အမြတ်ငွေကျပ် ၇၀၀၀ ခန့်ရရှိကြောင်း ပဲပင်ပေါက် ပြုလုပ်ရောင်းချသူများ ပြောပြ၍ သိရသည်။**(၄၈၅)**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ e-Govemment လုပ်ငန်းစဉ်များအတွက် Video Coferencing Camera နှင့် ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း လုပ်ငန်းအား တင်ဒါခေါ်ယူဆောင်ရွက်မည်ဖြစ်ပါ၍ လုပ်ငန်းဆောင်ရွက်လိုသည့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်-

(က) တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် - ၃-၉-၂၀၂၄(အင်္ဂါနေ့) ရုံးချိန်အတွင်း

(ခ) တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့်နေ့ရက် - ၁၆-၉-၂၀၂၄(တနင်္လာနေ့) ရုံးချိန်အတွင်း

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး(၀၂-၂၈၄၄၉၉၃)သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၈၈)၊ ဦးပိုင်အမှတ်(၁၆-ခ)၊ ဧရိယာ တောင်မြောက်မျက်နှာဖွင့်(၄၅ ပေ)၊ အရှေ့အနောက်(မြေကြီးမြေပုံအရှိအတိုင်း) အကျယ်အဝန်းရှိ မောင်လွန်း၊ မရွက် အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ(ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်မှတ်ပုံတင်စာချုပ် အဆင့်ဆင့်ဖြင့် တရားဝင်လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော ၁။ဦးတင်ထွန်းအောင်(ဘ)ဦးမြမောင်(၉/မရတ(နိုင်)၀၅၀၅၇၀)၊ ၂။ ဦးသောင်းထွန်း(ဘ)ဦးမြမောင်(၇/တငန(နိုင်)၀၁၅၂၈၁)၊ ၃။ဦးမြင့်ထူး(ဘ)ဦးချူချင်ကို(ခ)ဦးစိန်(၉/မရတ(နိုင်)၁၀၅၄၁၃)ကိုင်ဆောင်သူများထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား၊ စာချုပ်မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်စန္ဒီသန့်ဇင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၁၀၈လမ်း၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ (၅၆-B)လမ်းသွယ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၇၈၉၇၈၉၂၄၅၊ ၀၉-၇၇၇၂၂၂၃၅၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၈)၊ ဦးပိုင်(၁၀၉)၊ ဧရိယာ(ပေ ၃၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဦးသန်းဖေ အမည်ဖြင့် ချထားပေးသော မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်းဧရိယာ(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်နှစ်ထပ်အဆောက်အအုံ(ရေ+မီး)အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဦးမျိုးအောင်(ဘ)ဦးသိန်း(၈/မမန(နိုင်)၀၀၀၈၇၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်ကျော့ကျော့နိုင် (LL.B) | ဒေါ်ဇင်မိုးမြင့်စံ (LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| ဖုန်း➤၀၉-၂၅၆၀၂၆၈၇၆ | ဖုန်း➤၀၉-၇၉၈၇၈၃၄၅၇ |

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၀၁/ရေထွက်အရှေ့)၊ ဦးပိုင်အမှတ်(၃)၊ ဧရိယာ(၀ ဒသမ ၀၈၃)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်စန္ဒာလှိုင်(ဘ)ဦးသိန်း(၉/မနမ(နိုင်)၀၆၅၄၉၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မဥမြင့် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၁)၊ ဦးပိုင်နံပါတ်(၅၇-က)ဟုခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၃၁)ဧက၊ (ပေ ၃၀ × ၄၅ ပေ)အကျယ်အဝန်းရှိ ဒေါ်ငွေး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း(၁၅ ပေ × ၄၅ ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သန်းအေး(ဘ)ဦးစော(၅/ငဇန(နိုင်)၀၁၂၇၂၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ-**

| ဦးတင်အောင်မိုး LL.B, LL.M | ဒေါ်အိအိမွန် LL.B, LL.M |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်အေးစုထွန်း LL.M | ဦးကြည်ယံ LL.B | ဦးစည်သူအောင် LL.B | ဒေါ်သဲမိုမိုထွန်း LL.B |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ်(D-၁၅၇)၊ ၆၇လမ်း။ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ➤ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၆၀၆၀၄၁

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၄)၊ ဦးပိုင်နံပါတ်(၆၇)ဟုခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (ပေ ၆၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဦးခင်မောင်ကြည် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏တောင်ဘက်ခြမ်း(ပေ ၃၀ × ပေ ၄၀)ထဲမှ တောင်ဘက်အစွန်ဆုံးအခြမ်း(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဝင်းမောင်(ဘ)ဦးဘရွှေ(၉/မနမ(နိုင်)၀၂၅၈၂၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးတင်အောင်မိုး LL.B, LL.M | ဒေါ်အိအိမွန် LL.B, LL.M |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်အေးစုထွန်း LL.M | ဦးကြည်ယံ LL.B | ဦးစည်သူအောင် LL.B | ဒေါ်သဲမိုမိုထွန်း LL.B |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ်(D-၁၅၇)၊ ၆၇လမ်း။ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ➤ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၆၀၆၀၄၁

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မုန့်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က)၊ဦးပိုင်အမှတ်(၃၁-ခ)၊ ဧရိယာ(၀ ဒသမ ၁၈)ဧက အကျယ်အဝန်းရှိ ဦးတင်ထွဋ် အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ အရှေ့ဘက်ဆုံးအခြမ်း အလျား(၁၈ ပေ)၊ အနံ(ပေ ၁၀၀)အကျယ်အဝန်းရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်သော (၁)ဒေါ်နုနုကြည်(ဘ)ဦးဖိုးစ(၉/အမရ(နိုင်)၀၁၀၀၁၅)၊ (၂)ဦးဇော်လွင်ဦး(ဘ)ဦးခင်မောင်စိုး(၉/အမရ(နိုင်)၀၁၀၀၁၆)၊ (၃)ဦးဇော်ခင်ဦး(ခ)ဦးခင်မောင်စိုး(၉/အမရ(နိုင်)၀၁၀၀၁၇)၊ (၄)ဒေါ်သီတာစိုး(ဘ)ဦးခင်မောင်စိုး(၉/အမရ(နိုင်)၀၁၀၀၁၈)၊ (၅)ဦးကျော်စိုးမိုး(ဘ)ဦးခင်မောင်စိုး(၉/အမရ(နိုင်)၀၀၁၂၉၇)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးဌေးဝင်း(၉/မနတ(နိုင်)၀၅၁၁၄၆)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်သန်းဌေး(LL.B, D.B.L, PCT(Treaty), IP(Law))**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်ဇင်ဦး(LL.B)၊ ဒေါ်ဇင်မာစိုး(LL.B)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၁၆၁)၊ ကန်ကောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း ➤ ၀၉-၇၉၈၇၄၄၁၀၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ကျုံတန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၀)၊ ဦးပိုင်အမှတ်(C-၈၈+၈၉)၊ ဒေါ်မျိုးစန္ဒာဦး အမည်ဖြင့် ချပေးထားသည့် မြေကွက်များအတွင်းမှ ဦးပိုင်(C-၈၉)၏ မြောက်ဘက်ခြမ်းမျက်နှာဖွင့် အလျား(ပေ ၂၀)၊ အနံ(ပေ ၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်သော (၁)ဦးဆန်းဝင်း(ဘ)ဦးစီမောင်(၅/ရဥန(နိုင်)၀၃၇၂၅၇)၊ (၂)ဒေါ်မိုးသီတာလှိုင်(ဘ)ဦးတင်ဝင်း(၁၂/ဒပန(နိုင်)၀၀၀၃၇၇)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အဆုံးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ-**
**(၁)ဦးဇော်လွင်ဦး(၉/အမရ(နိုင်)၀၁၀၀၁၆)**
**(၂)ဦးဇော်ခင်ဦး(၉/အမရ(နိုင်)၀၁၀၀၁၇)**
**(၃)ဒေါ်သီတာစိုး(၉/အမရ(နိုင်)၀၁၀၀၁၈)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်သန်းဌေး(LL.B, D.B.L, PCT(Treaty), IP(Law))**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်ဇင်ဦး(LL.B)၊ ဒေါ်ဇင်မာစိုး(LL.B)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၁၆၁)၊ ကန်ကောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း ➤ ၀၉-၇၉၈၇၄၄၁၀၃**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၃

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တောင်ကြီးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တောင်ကြီးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပိုးရယ်အောင်သိန်း၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမျိုးသန့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

> **“အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံတော်တွင် နိုင်ငံရေးအရ အကျပ်အတည်းများဖြစ်ပေါ်နေမှုကို အခွင့်ကောင်းရယူ၍ နယ်မြေချဲ့ထွင်ရန် ကြိုးပမ်းဆောင်ရွက်မှုများကို ကြုံတွေ့လာခဲ့ရ”**

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မှု၊ မွေးမြူရေးဇုန်များအလိုက် လုပ်ငန်းများ တိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရှမ်းပြည်နယ်အတွင်းပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ မြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဒေသနေပြည်သူများ ကျန်းမာကြံ့ခိုင် သန်စွမ်းစေရေးအတွက် အားကစားရုံများ၊ လေ့ကျင့်ရေးကွင်းများ အဆင့်မြှင့်တင်တည်ဆောက်ပေးထားမှုနှင့် အားကစားပွဲများ ကျင်းပလျက်ရှိမှု၊ စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိမှုနှင့် တိုးချဲ့ဖွင့်လှစ်ရန်ဆောင်ရွက်လျက်ရှိမှု၊ ရှမ်းပြည်နယ်အတွင်းရှိ အချို့ဒေသများ၌ အကြမ်းဖက်သမားများ၏လုပ်ရပ်များကြောင့် ၎င်းတို့၏ နေရပ်အသီးသီးမှ ဘေးလွတ်ရာနေရာများသို့ ယာယီနေရပ်စွန့်ခွာ တိမ်းရှောင်နေရသူများအား ထောက်ပံ့မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ယခုထက်လျင်မြန်ချောမွေ့စေရေးအတွက် လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို တင်ပြသည်။

**တင်ပြချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး**

ရှင်းလင်း တင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပြည်သူလူထုကို အခြေပြုသည့် ပြည်သူ့လုံခြုံရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး၊ တရားဥပဒေနှင့်အညီဖြစ်စေရေး အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် အဆင့်ဆင့်ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန်လိုအပ်မှု၊ မိမိတို့တာဝန်ယူရသည့် ဒေသများတွင် အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုများ ပပျောက်စေရေးအတွက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ရန် လိုအပ်မှု၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားရှိရန် လိုအပ်မှုများကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိမှု၊ ရှမ်းပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများတွင် လမ်း၊ တံတားများနှင့် အဆောက်အအုံများ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ရေရရှိရေးလုပ်ငန်းများနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုများကြောင့် နေအိမ်များပျက်စီးခဲ့ရသည့် ပြည်သူများအတွက် နေအိမ်များဆောက်လုပ်နိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုတို့ကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းကပြည်သူလူထုများ၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်ပေးနိုင်ရေး ဆေးရုံ၊ ဆေးခန်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိမှု၊ ဆေးရုံတိုင်းတွင် ဆရာဝန်ရှိရမည်ဟူသည့် မူဝါဒနှင့်အညီ ဆောင်ရွက်လျက်ရှိမှု၊ အခြေခံဆေးဝါးများ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ပြည်သူ့ကျန်းမာရေးအတွက် ကုသရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်ပေးလျက်ရှိမှုများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရှမ်းပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှုများ ပိုမိုတိုးတက်စေရေး လမ်းများအဆင့်မြှင့်တင်ခြင်းကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်လျက်ရှိမှု၊ ရာသီဥတုကြောင့် ပျက်စီးခဲ့ရသည့် လမ်းနှင့်တံတား နေရာများကို ပြန်လည်ပြုပြင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှုနှင့် တံတားအသစ်များ တည်ဆောက်လျက်ရှိမှုများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေးထုတ်ကုန်များအား တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးနေမှု၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းဆောင်ရွက်သူများနှင့် အပြန်အလှန်နှီးနှောဖလှယ်၍ တောင်သူများ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ ရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှုနှင့်

စာမျက်နှာ ၄ သို့ ○

## Silver Stars ကို ဂိုးပြတ်အနိုင်ယူကာ အဆင့် ၁ သို့ တက်လှမ်းခဲ့သည့် ရာမညယူနိုက်တက်အသင်း

Myanmar National League II 2024 အမှတ်ပေးဘောလုံးပြိုင်ပွဲ (Week-6)ပွဲစဉ်တစ်ပွဲအဖြစ် ယနေ့ညနေ ၃ နာရီခွဲက စလင်းကွင်း၌ Silver Stars အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ကစားခဲ့ကြပြီး ရာမညယူနိုက်တက်အသင်းက ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရာမညယူနိုက်တက်အသင်းသည် ယနေ့ပွဲတွင် အနိုင်ရခဲ့သည့်အတွက် ခြောက်ပွဲကစားအပြီးတွင် လေးပွဲနိုင်၊ နှစ်ပွဲ သရေ ရမှတ် ၁၄ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးသို့ တက်ရောက်နိုင်ခဲ့သည်။ အခြားပွဲစဉ်တွင် အဆင့် ၁ နေရာက တက္ကသိုလ်လက်ရွေးစင်အသင်းသည် Chinland အသင်းကို ရှုံးခဲ့သည့်အတွက် အဆင့် ၂ သို့ ဆင်းပေးခဲ့ရပြီး ရာမညယူနိုက်တက်အသင်း

စာမျက်နှာ ၆ သို့ ○

